PHOTO: IOM

CHAPTER 13 • 2015
FOOD SECURITY AND NON-FOOD ITEMS

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်း ဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်း နေထိုင်ရာ နေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

အဓိကသတင်းအချက်အလက်များ

- ပြည်သူများသည် ပြည့်စုံလုံလောက်ပြီး သင့်လျော်သည့် အစားအစာနှင့် လူသုံးပစ္စည်းများ (non food items – NFIs) ကို လက်လှမ်းမီ ရရှိသင့်ပါသည်။ ထိုသို့ရရှိရာတွင် တာဝန်ခံယူမှုရှိကာ အသက်ရှင်သန်နိုင်မှုနှင့် ကောင်းစွာ ရှင်သန်နေထိုင်နိုင်မှုတို့ကို သေချာစေပြီး ၄င်းတို့၏ ပိုင်ဆိုင်ပစ္စည်းများကိုလည်း လျော့ပါးဆုံးရှုံးမှု မဖြစ်စေဘဲ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိသော နည်းလမ်းများဖြင့် ရရှိခြင်းမျိုး ဖြစ်ရပါမည်။
- အစားအစာနှင့် လူသုံးပစ္စည်းများ ဖြန့်ဝေရန် အသွားအပြန်ခရီးများနှင့် ဝေဒေးနေစဉ်အတွင်း ဝန်ထမ်းများနှင့် စခန်းတွင်းနေထိုင်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးရပါမည်။
- မှတ်ပုံတင်ခြင်းနှင့် ရိက္ခာကဒ်ပြားစနစ်များအား စီစဉ်ဖော်ထုတ်ခြင်း၊ အစားအစာ နှင့် လူသုံးပစ္စည်းများအား ဝေဒေ ပေးရာ၌ သင့်တော်သည့် လွှဲပြောင်းပေးမှုပုံစံများ (ပစ္စည်း၊ ငွေသား နှင့် ကူပွန်) ကို သတ်မှတ်ဖော်ထုတ်သည့် လုပ်ငန်းများတွင် ကျား၊ မ၊ အသက်အရွယ်၊ ကွဲပြားခြားနားမှု ပုံစံမျိုးစုံ နှင့် မသန်စွမ်းသူများပါမကျန် စခန်းတွင်းရှိ အုပ်စုအားလုံးမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ကြစေရန် အရေးကြီးပါသည်။
- လူသားချင်းစာနာထောက်ထားမှု စံနှုန်းများနှင့် အေဂျင်စီများ၏ ကတိကဝတ်အရ ကူညီထောက်ပံ့မှုပေးရန် ရွေးချယ်သည့် စံသတ်မှတ်ချက်များ၊ ရပိုင်ခွင့်များနှင့် ခံစားခွင့်များ၊ လွှဲပြောင်းပေးသည့် ပုံစံများ၊ ဝေဒေမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝန်ထမ်းနှင့် အေဂျင်စီတို့၏ အခန်းကဏ္ဍများ နှင့် တာဝန်ဝတ္တရားများ၊ ကျင့်ဝတ် စည်းမျဉ်းများ၊ မကျေနပ်ချက်များကို တိုင်ကြားနိုင်သည့်နည်းလမ်းများနှင့် ပတ်သက်သော သတင်းစကားများ ကို ဖြန့်ဝေပေးခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်းတို့အား ထိရောက်စွာ ဆောင်ရွက်ပေးရန် လိုအပ်ပါ သည်။ သတင်းအချက်အလက်များကို ကောင်းစွာနားလည်ခြင်း ရှိ၊ မရှိ သေချာအောင် စစ်ဆေးခြင်းကို ပြုလုပ် ရမည်။ စောင့်ကြည့်ကြီးကြပ်ရန် မဖြစ်မနေ လိုအပ်ပါသည်။
- ပစ္စည်းများ ဖြန့်ဝေခြင်းအစီအစဉ်တွင် နည်းပညာတစ်ခုခုကို ထည့်သွင်းအသုံးပြုပါက ထိုနည်းပညာကို လူတိုင်း လက်လှမ်းမီ အသုံးပြုနိုင်ရမည်ဖြစ်ပြီး မည်သို့အသုံးပြုရမည်ကို သိရှိကြစေရန် ဂရုပြုဆောင်ရွက်ရပါမည်။ ပစ္စည်းများ ဖြန့်ဝေမှုဆိုင်ရာ နည်းပညာပုံစံများအား ရင်းနှီးကျွမ်းဝင်မှုမရှိသေးသူများအတွက် သတင်းအချက် အလက် မျှဝေပေးသည့် အစီအစဉ်များ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ နည်းပညာအသစ်ကို အသုံးပြုရန် အခက်အခဲ ရှိသူများအား ဖော်ထုတ်ကာ အကူအညီပေးနိုင်ရန်အတွက် စောင့်ကြည့်ကြီးကြပ်ခြင်းကို သေချာစွာ ပြုလုပ်သင့်ပါသည်။
- လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ပုံနှင့် ဝေဒသည့်ပစ္စည်းများအား အသုံးပြုပုံတို့ကို သိရှိနားလည်နိုင်ရန်အတွက် အိမ်များ၊ နေထိုင်ရာနေရာများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်များ သို့မဟုတ် ငွေကြေး ဝန်ဆောင်မှုပေးသူများထံ သွားရောက်လေ့လာခြင်း၊ ပစ္စည်းဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်ကြီးကြပ်မှု စစ်တမ်းများနှင့် စခန်းလူထုနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ အထက်ပါ ဆောင်ရွက်ချက် များမှတစ်ဆင့် အားနည်းချက်များကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများကို ဖော်ထုတ်သင့်ပြီး အစားအစာ ကူညီထောက်ပံ့သည့် အေဂျင်စီများ၊ လူသုံးပစ္စည်း ဖြန့်ဝေသည့် အေဂျင်စီများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက် သင့်ပါသည်။
- စခန်းတစ်ခု တည်ဆောက်ဖွဲ့စည်းရာတွင် သီးခြားလိုအပ်ချက်ရှိသူများနှင့် အန္တရာယ်ကျရောက်နိုင်ခြေ ရှိသော အုပ်စုများအတွက် ဦးစားပေးဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစားပေးရမည် ဖြစ်သည်။ သီးခြားလိုအပ်ချက် များ၏ သဘောသဘာဝအပေါ် မူတည်၍ ပစ္စည်းဝေဒမည့်နေရာများသို့ လက်လှမ်းမီရောက်ရှိနိုင်မှုကို ပံ့ပိုးကူညီ ပေးသင့်ပြီး ငွေကြေးဝန်ဆောင်မှုပေးသူများ သို့မဟုတ် ဈေးဆိုင်များသို့ သွားလာရန် သာမက ငွေသား လွှဲပြောင်းပေးခြင်း သို့မဟုတ် ကူပွန်လက်မှတ်များအတွက်လည်း အဆင်ပြေအောင် ပြုလုပ်ပေးသင့်သည်။

မိတ်ဆက်

အစားအစာနှင့် လူသုံးပစ္စည်းများသည် လူများ၏ ဘဝရှင်သန်ရေး၊ ကျန်းမာရေး၊ လူနေမှုဘဝ သာယာဝပြောရေးနှင့်

ဂုဏ်သိက္ခာတို့အတွက် အရေးကြီးသောအရာများ ဖြစ်ပါသည်။ ပြင်ပမှ အရင်းအမြစ်များကို လက်လှမ်းမီ ရရှိရန် အကန့်အသတ်ရှိသော သို့မဟုတ် လက်လှမ်းမီနိုင်မှုမရှိသောသူများအတွက် မရှိမဖြစ် လိုအပ်သော အရေးအကြီးဆုံး လူသုံးပစ္စည်းများအပြင် အစားအစာများကို အပြည့်အဝ ပံ့ပိုးပေးရမည် ဖြစ်သည်။ အစားအစာနှင့် လူသုံးပစ္စည်းများသည် တန်ဘိုးရှိသော ကုန်ပစ္စည်းများဖြစ်၍ ၄င်းတို့သည် လုံခြုံရေးဆိုင်ရာ ကြီးမားသော စိန်ခေါ်မှုများကို ပေါ်ပေါက် စေနိုင်ပါသည်။

လူသားချင်းစာနာထောက်ထားမှုအခြေအနေတွင် အစားအစာနှင့် လူသုံးပစ္စည်းများကို ကူညီထောက်ပံ့ပေးရာ၌ အသုံးပြုသည့် လွှဲပြောင်းမှုပုံစံအချို့ ရှိပါသည်။ ၄င်းတို့မှာ -

- ➔ အစားအစာ နှင့်/သို့မဟုတ် လူသုံးပစ္စည်းများကို ပစ္စည်းများအတိုင်း ဖြန့်ဝေပေးခြင်း
- ➔ အစားအစာ နှင့်/သို့မဟုတ် လူသုံးပစ္စည်းများကို ဝယ်ယူရန်အတွက် သတ်မှတ်ချက်များ ပါရှိသော (သို့မဟုတ်) သတ်မှတ်ချက် မရှိသော ငွေသား လွှဲပြောင်းပေးခြင်းများ
- ➔ အစားအစာ နှင့်/သို့မဟုတ် လူသုံးပစ္စည်းများကို ဝယ်ယူရန် ကူပွန်လက်မှတ်များ ဖြန့်ဝေပေးခြင်း

ဘေးကင်းလုံခြုံမှုရှိရန်၊ စခန်းလူထုကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် တာဝန်ခံယူမှုရှိကြောင်း အာမခံချက်ပေးနိုင်ရန် အတွက် လွှဲပြောင်းပေးသည့်ပုံစံကို ရွေးချယ်ရာတွင် အစီအစဉ်များ စနစ်တကျရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုတို့ကို လိုအပ်ပါသည်။ ပစ္စည်း၊ ငွေသား သို့မဟုတ် ကူပွန်လက်မှတ် လွှဲပြောင်းပေးမည့်ပုံစံအား ရွေးချယ်ရာတွင် နောက်ခံအခြေအနေ လေ့လာဆန်းစစ်မှုနှင့် လွှဲပြောင်းပေးမှုပုံစံတစ်ခုစီမှ အမျိုးသမီးများ၊ မိန်းကလေးများ၊ အမျိုးသား နှင့် ယောကျ်ားလေးများ၏ လုံခြုံမှုနှင့် ဂုဏ်သိက္ခာအပေါ် သက်ရောက်နိုင်ပုံကို စေ့စပ်သေချာစွာ လေ့လာထားသည့် ဆန်းစစ်ချက်အပေါ် အခြေခံသင့်ပါသည်။ ထိုဆန်းစစ်ချက်တွင် ဘေးဒဏ်ခံလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ ပါဝင်သင့်ပြီး ယင်းဆန်းစစ်ချက်ကို လူအများ သိရှိစေရန် ဆောင်ရွက်သင့်သည်။ လွှဲပြောင်းပေးသည့်ပုံစံအား ရွေးချယ်မှု အတွက် အကြောင်းရင်းများသည် ရှင်းလင်းပြတ်သားမှုရှိရမည် ဖြစ်ပြီး အောက်ပါတို့နှင့် ကိုက်ညီရမည် ဖြစ်သည်-

- ➔ စားနပ်ရိက္ခာဖူလုံမှုနှင့် စျေးကွက်အကဲဖြတ်လေ့လာချက်များတွင် သတ်မှတ်ဖော်ထုတ်ထားသော လိုအပ်ချက် များ
- ➔ လေ့လာအကဲဖြတ်မှုများ ဆောင်ရွက်ပြီးနောက် တွေ့ရှိသော အရင်းအမြစ်များ
- ➔ မက်ခရို စီးပွားရေး အွန္တရာယ်ဖြစ်နိုင်ခြေ လေ့လာဆန်းစစ်ချက်
- ➔ နိုင်ငံအာဏာပိုင်များ၏ မူဝါဒများ
- ➔ ကဏ္ဍအလိုက် စွမ်းဆောင်နိုင်မှုများ
- ➔ အစီအစဉ်၏ ရည်ရွယ်ချက်များအား အကောင်အထည်ဖော်သည့်နေရာတွင် ကုန်ကျသလောက် ထိရောက် အကျိုးရှိနိုင်မှု

စခန်းလူထုအတွက် အစားအစာနှင့် အာဟာရများကို လက်လှမ်းမီရရှိရေးသည် ပထမ ဦးစားပေးလုပ်ငန်း တစ်ရပ် ဖြစ်သည်။ စခန်းများ (သို့မဟုတ်) အခြေချရာနေရာများသို့ ရောက်လာကြသူများသည် များသောအားဖြင့် အာဟာရ ချို့တဲ့မှုကို ခံစားနေကြရသူများ ဖြစ်နေတတ်သည်။ မရှိမဖြစ် လိုအပ်သော လူသုံးပစ္စည်းများသည် ကျန်းမာရေး၊ လုံခြုံမှုနှင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်ပေးရန် သို့မဟုတ် ထိန်းသိမ်းပေးရန် အထောက်အကူ ဖြစ်ပြီး ရာသီဥတုဒဏ် မှလည်း ကာကွယ်ပေးပါသည်။
စားနပ်ရိက္ခာ ဖူလုံစေမှုနှင့် လူသုံးပစ္စည်းများ ဝေငှပေးမှု နှစ်ခုစလုံးသည် အာဟာရ၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေး၊ အမိုးအကာ၊ သဘာဝပတ်ဝန်းကျင်နှင့် ကာကွယ်စောင့်ရှောက်မှု ကဲ့သို့သော စခန်း၏ အခြားကဏ္ဍများ နှင့် နီးကပ်စွာ ဆက်နွယ်ချိတ်ဆက်နေပါသည်။ ကဏ္ဍ တစ်ခုနှင့်တစ်ခုကြား ချိတ်ဆက်မှုရှိစေရန်နှင့် စခန်းအဆင့်တွင် ဝန်ဆောင်မှုပေးသူများ ချောမွေ့စွာ ညှိနှိုင်းဆောင်ရွက်နိုင်စေရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန် ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေး ဆိုသည်မှာ အဘယ်နည်း

စားနပ်ရိက္ခာဖူလုံမှုအား "လူအားလုံးသည် ကျန်းမာတက်ကြွရှင်လန်းသော ဘဝတစ်ခုအတွက် နေ့စဉ်အစားအစာ လိုအပ်ချက်နှင့် ကြိုက်နှစ်သက်မှုများကို ဖြည့်ဆည်းပေးနိုင်မည့် ဘေးကင်း၍ အာဟာရပြည့်ဝသော အစားအစာများကို လက်ဝယ် ရရှိနိုင်ပြီး စီးပွားရေးအရ လက်လှမ်းမီနိုင်သော အခြေအနေတစ်ခု" ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ကြီးမှ 'ကမ္ဘာပေါ်ရှိ စားနပ်ရိက္ခာ ရှားပါးမှု အခြေအနေ ၂၀၀၁ (The State of Food Insecurity in the World 2001)' တွင် အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါသည်။

ပစ္စည်းဖြန့်ဝေမှုများသည် အလွန်ရှင်းလင်းပြီး ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်များဖြစ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ပစ္စည်းဖြန့်ဝေရေး ကော်မတီများကို လုပ်ရိုးလုပ်စဉ်တစ်ခုအဖြစ် ဖွဲ့စည်းသင့်သည်။ ကော်မတီဝင်များကို ပွင့်လင်း မြင်သာသည့် ရွေးချယ်မှုဖြင့် ရွေးချယ်သင့်ပြီး စခန်းလူထုအတွင်းရှိ အုပ်စုအားလုံး၏ ကိုယ်စားလှယ်များ ပါဝင်သင့် ပါသည်။ စခန်းတွင်း ပစ္စည်းဖြန့်ဝေရေး ကော်မတီများသည် ဖြန့်ဝေမှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အထောက်အကူပြုပါသည်။ ပုံမှန်အားဖြင့် ဖြန့်ဝေရေး ကော်မတီများသည် အောက်ပါတို့တွင် ပါဝင်ဆောင်ရွက်သင့် ပါသည်။

- ➔ ပစ္စည်းများအတိုင်း ဝေငှပေးသည့် နည်းလမ်းကို ရွေးချယ်ပါက ဝေငှရေးဆိုင်ရာ အပိုင်းကဏ္ဍအားလုံး ကို ရွေးချယ်ခြင်းနှင့် ကူညီပံ့ပိုးခြင်း
- ➔ အစားအစာနှင့် လူသုံးပစ္စည်းများအတွက် ရရှိနိုင်သော အမျိုးအစားများကို ရွေးချယ်ခြင်း
- ➔ ရှေ့ပြောင်းနေထိုင်သူလူထုထဲမှ ထိခိုက်လွယ်သူများအား ကူညီပေးခြင်း
- ➔ ဝေငှမှုအတွက် အစီအစဉ်ရေးဆွဲခြင်း
- ➔ ဖြန့်ဝေမှုအစီအစဉ် ဆောင်ရွက်သည့်အခါ ဘေးရန်ကင်းရှင်းပြီး၊ လူအုပ်စုကြီးများကို ခိုက်ရန် မဖြစ်ပွားအောင် ဂုဏ်သိက္ခာရှိရှိ ထိန်းသိမ်းပေးခြင်း
- ➔ ပစ္စည်းဝေငှမှုများအား စောင့်ကြည့်ကြီးကြပ်ခြင်း
- ➔ ပစ္စည်းများ ဝေငှပြီးနောက်ပိုင်း အရည်အသွေး ထိန်းသိမ်းမှုကို စောင့်ကြပ်ကြည့်ရှုရာတွင် ပံ့ပိုးကူညီခြင်း

ဖြန့်ဝေမှုတစ်ခု ပြုလုပ်စဉ်နှင့် ဖြန့်ဝေမှု ပြုလုပ်ပြီးနောက်ပိုင်းကာလတွင် စခန်းလူထုထံမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများ (သို့မဟုတ်) အခြားသူများအား မေးခွန်းများ (သို့မဟုတ်) တိုင်ကြားချက်များဖြင့် ချဉ်းကပ်လာနိုင်ပါသည်။ စခန်းလူထုမှ တိုင်ကြားမှုများ ပြုလုပ်နိုင်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပြီး စခန်းစီမံခန့်ခွဲမှု အေဂျင်စီ (သို့မဟုတ်) ဝန်ဆောင်မှု ပေးသူများက အရေးယူ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အာမခံချက်ပေးထားရပါမည်။ စားနပ်ရိက္ခာ ဖူလုံရေးနှင့် လူသုံးပစ္စည်းများနှင့် ပတ်သက်၍ မကြာခဏ ပေါ်ပေါက်လာတတ်သော ကိစ္စရပ်များမှာ -

- ➔ ပစ္စည်းဖြန့်ဝေသည့် နေရာများ သို့မဟုတ် ဖြန့်ဝေသည့် အစီအစဉ်များကို ရင်းနှီးကျွမ်းဝင်မှု နည်းခြင်း
- ➔ အထောက်အထား စာရွက်စာတမ်းများ ပျောက်ဆုံးခြင်း၊ မရှိခြင်း သို့မဟုတ် အချက်အလက်များကို မှတ်ပုံတင်စာရင်း သို့မဟုတ် ပစ္စည်းထုတ်သည့် ကဒ်ပြားတွင် မှားယွင်းစွာ ရေးသားထားခြင်း
- ➔ အပြစ်အနာအဆာပါသော သို့မဟုတ် အရည်အသွေး မကောင်းသော အစားအစာများ သို့မဟုတ် လူသုံး ပစ္စည်းများ
- ➔ အစားအစာ သို့မဟုတ် လူသုံးပစ္စည်းများကို ပိုမိုရရှိလိုသဖြင့် အဂတိလိုက်စားမှုနှင့် လိမ်လည် တောင်းဆိုမှု များ

အစားအစာ ဖြန့်ဝေခြင်းကို တာဝန်ယူရသော ဂန်ဆောင်မှုပေးသူသည် ဖြန့်ဝေသည့်နေရာတွင် တိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးသည့် နေရာတစ်ခု ထားရှိပေးခြင်းကဲ့သို့သော တိုင်ကြားရန်နှင့် တုံ့ပြန်ဆောင်ရွက်ပေးရန် စနစ်တစ်ခု တည်ထောင်ထားရန် တာဝန်ရှိပြီး မေးမြန်းစုံစမ်းမှုအားလုံးကို မှတ်တမ်းတင်ထားရပါမည်။ ဂန်ဆောင်မှုပေးသူသည် သဘောတူထားသည့် စံသတ်မှတ်ချက်များနှင့်အညီ ဖြန့်ဝေသည့်စနစ်ကို ချမှတ်ဆောင်ရွက်နေကြောင်း သေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် တာဝန်ရှိသည်။

တိုင်ကြားချက်များကိုဖြေရှင်းပေးရန်အတွက်ပစ္စည်းဖြန့်ဝေရေးကော်မတီမှကိုယ်စားလှယ်တစ်ဦးနှင့်အတူအေဂျင်စီဝန်ထမ်းများထဲမှ တာဝန်ခံတစ်ဦးကို သတ်မှတ်တာဝန်ပေးထားသင့်ပါသည်။ မေးခွန်းများနှင့် တိုင်ကြားချက်များကို ထိရောက်လျှင်မြန်စွာ တုံ့ပြန်ပေးနိုင်မှုသည် ပေါ်ပေါက်လာဖွယ်ရှိသော တိုင်ကြားမှုအရေအတွက်နှင့် စခန်းလူထု၊ စခန်း စီမံခန့်ခွဲမှုအေဂျင်စီနှင့် မိတ်ဖက်များအကြား ယုံကြည်မှု အတိုင်းအတာတို့အပေါ် ကောင်းကျိုးများ တိုက်ရိုက် ရရှိနိုင် မည်ဖြစ်သည်။ စခန်းတွင်း၌ မတူညီသော တိုင်ကြားမှုပုံစံများကို ကျင့်သုံးနေသည့် အခြားအေဂျင်စီများလည်း ရှိနေနိုင် ပါသည်။ ထို့ကြောင့် စခန်းလူထုအဖို့ စိတ်ရှုပ်ထွေးမှု မဖြစ်စေရန်နှင့် တုံ့ပြန်ဆောင်ရွက်ပေးမှုများ တသမတ်တည်း ဖြစ်စေရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ထိုအေဂျင်စီများအကြား ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးပါသည်။

☛ လူထုပူးပေါင်းဆောင်ရွက်မှုအကြောင်းကို ပိုမိုသိရှိလိုပါက- အခန်း ၃ - လူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှု - ကို ကြည့်ပါ။

အဓိက အရေးကိစ္စများ

အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

အရေးပေါ်အခြေအနေတစ်ခု စတင်ပေါ်ပေါက်လာချိန်တွင် နောက်ခံအခြေအနေများ၊ အရေးတကြီး ဆောင်ရွက်ရန် လိုအပ်မှု၊ တုံ့ပြန်ဆောင်ရွက်နိုင်မှုနှင့် စွမ်းဆောင်ရည်များက အစားအစာနှင့် လူသုံးပစ္စည်းများ ထောက်ပံ့မှုကို မည်သူတာဝန်ယူသင့်သည်ကို ညွှန်ပြပါလိမ့်မည်။ လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများ ရောက်ရှိလာသည့် အခြေအနေနှင့် စခန်း၏ အရွယ်အစားပေါ်တွင် မူတည်ကာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အနည်းဆုံး ကနဦးအဆင့်တွင် အစားအစာနှင့် လူသုံးပစ္စည်းများ ဖြန့်ဝေပေးသည့် အေဂျင်စီအနေဖြင့် ဦးဆောင်ကောင်း ဦးဆောင်ရနိုင်ပါသည်။ အကယ်၍ ငွေသားနှင့် ကူပွန်လက်မှတ်များ ပေးသည့်ပုံစံများကို အသုံးပြုပါက ထိုပုံစံများကို နားလည်တတ်ကျွမ်းစွာ ဆောင်ရွက်တတ်ရန် လိုအပ်ပါသည်။ နောက်ပိုင်းအဆင့်များတွင် ဤတာဝန်အား ဖြန့်ဖြူးမှုကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သော အခြားအေဂျင်စီများသို့ လွှဲပြောင်းပေးလျှင် ပို၍သင့်လျော်ပါလိမ့်မည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေဖြင့် အစားအစာနှင့် လူသုံးပစ္စည်းများအတွက် ဝန်ဆောင်မှုပေးသူအဖြစ် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်း မပြု သည့် နေရာများတွင်လည်း လူထု၏ လိုအပ်ချက်များကို စောင့်ကြည့်ကြီးကြပ်ကာ အစားအစာနှင့် လူသုံးပစ္စည်း ကူညီထောက်ပံ့မှုများအား လိုအပ်သလို ချိန်ဆညှိနှိုင်းပေးရန်အတွက် အသိပေးရှင်းလင်းမှုများ ပြုလုပ်ပေးရန် လိုအပ်ပါ လိမ့်မည်။

အစားအစာ၊ ငွေသား၊ ကူပွန်လက်မှတ်များ (သို့မဟုတ်) လူသုံးပစ္စည်းများနှင့် ပတ်သက်၍ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ နှင့် မိတ်ဖက်အေဂျင်စီများ၏ အခန်းကဏ္ဍများနှင့် တာဝန်များကို ရှင်းလင်းစွာ အဓိပ္ပါယ်သတ်မှတ်ရန်၊ တရားဝင် ဖြစ်အောင်ပြုလုပ်ရန်နှင့် တာဝန်များကို အတိအကျ သတ်မှတ်ပေးအပ်ရန် အရေးကြီးပါသည်။ သဘောတူညီချက် စာရွက်စာတမ်း များ၏ တရားဝင်ဖြစ်မှု အဆင့်အတန်းသည် အခြေအနေပေါ်မူတည်ကာ အမျိုးမျိုး ကွဲပြားနိုင်ပြီး သဘောတူညီမှု စာချွန်လွှာ (Memorandum of Understanding – MoU) တစ်ခု ပြင်ဆင်ရန် လိုအပ်သည့် အခြေအနေလည်း ရှိကောင်းရှိနိုင်ပါသည်။

အစားအစာနှင့် လူသုံးပစ္စည်းများအတွက် ပစ္စည်း၊ ငွေသား နှင့် ကူပွန်လက်မှတ်များ လွှဲပြောင်းပေးမှုကို တာဝန်ယူရ သော ဝန်ဆောင်မှုပေးသူများ သို့မဟုတ် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် အထွေထွေလမ်းညွှန်မှုများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

- ➔ စခန်းလူထုအကြား ကော်မတီများ ဖွဲ့စည်းကာ လွှဲပြောင်းမှုပြုလုပ်သည့် ပုံစံများ၊ ငွေသားနှင့် ကူပွန်လက်မှတ် လွှဲပြောင်းမှုတန်ဖိုးများနှင့် လိုအပ်သည့် အခြေခံအစားအစာများဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ကော်မတီ များအား တိုင်ပင်ခြင်းနှင့် အသိပေးခြင်း
- ➔ ဖြန့်ဝေမှုများ မပြုလုပ်မီ မှတ်ပုံတင်စာရင်းသွင်းခြင်း သို့မဟုတ် ရိုက္ခာကဒ်ပြားစနစ်တစ်ခုကို ထူထောင်ခြင်း၊ ကူညီထောက်ပံ့မှုပေးသူများတွင် ဒေသအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင် သည့် စံသတ်မှတ်ထားသည့် ကွန်ပြူတာစနစ်အတွင်း သိုလှောင်သိမ်းဆည်းထားသည့် အချက်အလက်အစု (database) တစ်ခု ရှိနေနိုင်ပါသည်။
- ➔ ပစ္စည်းဖြန့်ဝေမည့် နေရာနှင့် အချိန်များ၊ စျေးဆိုင်များ၊ ငွေကြေးဝန်ဆောင်မှုပေးသူများ၏ တည်နေရာများ၊ ပံ့ပိုးပေးမည့် အခြေခံစားသောက်ကုန်များနှင့် လူသုံးပစ္စည်းများတွင် အပြောင်းအလဲများရှိပါက စခန်းလူထု အား အသိပေးထားကြောင်း သေချာစေခြင်း
- ➔ တာဝန်ခံယူမှုရှိကြောင်း သေချာစေရန်အတွက် တိုင်ကြားနိုင်ရန် အစီအမံတစ်ခုကို ထူထောင်ထားရှိခြင်းနှင့် လိမ်လည်မှု၊ ခိုးယူမှု၊ ခေါင်းပုံဖြတ်မှု သို့မဟုတ် အလွဲသုံးစားပြုမှုအပါအဝင် ပြဿနာများကို ကိုင်တွယ် ဖြေရှင်းခြင်း

တိုင်ကြားရန် လမ်းကြောင်းအမျိုးမျိုး

တိုင်ကြားရန်အစီအမံများသည် ပုံစံအမျိုးမျိုးဖြင့် ရှိနိုင်ပါသည်။ အကျိုးသက်ရောက်မှု အပြည့်အဝရရှိစေရန်အတွက် လက်လှမ်းမီအသုံးပြုနိုင်မှု၊ ဘေးကင်းလုံခြုံမှုနှင့် လျှို့ဝှက်ထိန်းသိမ်းမှုတို့ရှိရမည်ဖြစ်ပြီး ထိုအတွက် တိုင်ကြားမှု ပြုလုပ် နိုင်သည့် လမ်းကြောင်းသည် တစ်ခုထက်မက ရှိရန် လိုအပ်ပါသည်။ ထိုလမ်းကြောင်းများထဲတွင် ပစ္စည်းဖြန့်ဝေသည့် နေရာများနှင့် အခြားအရေးကြီးသောနေရာများရှိ တိုင်ကြားမှုများ လက်ခံဖြေရှင်းပေးသည့် ကောင်တာများ၊ အရေးပေါ် တယ်လီဖုန်းလိုင်း၊

တိုင်းကြားစာ ထည့်သည့် ပုံးများ၊ စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့် မြှင့်တင်ပေးထားသော စခန်းတွင်း အဖွဲ့အစည်းများ နှင့်/သို့မဟုတ် စခန်းတွင်းရှိ လူထုခေါင်းဆောင်များ ပါဝင်ပါသည်။

- ပွင့်လင်းမြင်သာမှုရှိကြောင်း သေချာစေရန်အတွက် ဖြန့်ဝေရေးအေဂျင်စီများ၊ စခန်းလူထုထဲမှ ဖြန့်ဝေရေး ကော်မတီများ၊ နိုင်ငံအာဏာပိုင်များနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများအကြား ဘက်စုံညှိနှိုင်းဆောင်ရွက်မှု များရှိကြောင်း သေချာအောင် ပြုလုပ်ခြင်း
- အကူအညီအထောက်အပံ့များ ပံ့ပိုးပေးရာတွင် သီးခြားလိုအပ်ချက်ရှိသူများနှင့် အန္တရာယ်ကျရောက်နိုင်ခြေ အများဆုံးသူများကို အဓိကဦးတည်ကာ စခန်းလူထုအားလုံး၏ လိုအပ်ချက်နှင့် ကွာဟချက်များကို စောင့် ကြည့်ကြီးကြပ်ခြင်း
- ပစ္စည်းများ ဖြန့်ဝေရာတွင် လုံခြုံရေးအစီအမံများကို ကုလသမဂ္ဂ လုံခြုံရေးအဖွဲ့နှင့် ဘဏ်များ အပါအဝင် သက်ဆိုင်ရာ အာဏာပိုင်များ၊ ဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- ဖြန့်ဝေသည့်နေရာများသည် နေထိုင်သည့်နေရာများနှင့် ဝေးကွာနေပါက ဖြစ်နိုင်လျှင် သီးခြားလိုအပ်ချက်ရှိ သူများနှင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသူများအတွက် သွားရေးလာရေး အဆင်ပြေအောင် ဆောင်ရွက် ပေးခြင်း
- ဖြန့်ဝေမှုများအတွက် စံလုပ်ငန်းလမ်းညွှန်များ ချမှတ်ဆောင်ရွက်စေခြင်း
- ပစ္စည်းများ ဖြန့်ဝေမည့် နေ့ရက်၊ အချိန်နှင့် နေရာအပြင် ဖြန့်ဝေမှုဆိုင်ရာ သတင်းအချက်အလက်များ အားလုံးပါဝင်သော ဖြန့်ဝေမှု ပြက္ခဒိန်တစ်ခုကို ပြုစုခြင်း၊ သို့သော် ထိုပြက္ခဒိန်သည် စခန်းသို့ အခြားလူများ သို့မဟုတ် စခန်းသို့ အခွန်၊ ရိက္ခာများ လာရောက်ယူဝင်မည့် သူပုန်ဓားပြများကို ဆွဲဆောင်နိုင်ကြောင်း လေ့လာတွေ့ရှိပါက ယင်းအား ပြုစုထားရှိခြင်း မပြုသင့်ပါ။
- စခန်းလူထုအတွက် ရည်ရွယ်ထားသော ပစ္စည်းများကို လုံခြုံစွာနှင့် သန့်ရှင်းစွာ ထိန်းသိမ်းထားကြောင်း သေချာစေရန်အတွက် သိုလှောင်ရုံများ၊ သိုလှောင်ထားသော အစုအပုံများ၊ သိုလှောင်ခန်းများကို ပြုပြင် ထိန်းသိမ်းမှုတို့အပြင် ကူပွန်လက်မှတ်နှင့် ပစ္စည်း လဲလှယ်ပေးသူများ၏ သိုလှောင်ရောင်းချရာ နေရာများ ကို စစ်ဆေးခြင်း
- ပစ္စည်းများဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်ကြီးကြပ်သည့် စနစ်တစ်ခုအား ဖြစ်နိုင်ပါက ဖြန့်ဝေသူများ မပါဘဲ တည်ထောင်ခြင်း၊ ထိုစနစ်သည် လွှဲပြောင်းပေးသည့်ပုံစံ ရွေးချယ်မှု၏ အားနည်းချက်များနှင့် ဖြန့်ဝေပေး ထားသော အစားအစာနှင့် ပစ္စည်းများ၏ ထိရောက်မှုနှင့် အရည်အသွေးကို ပြန်လည် သုံးသပ်စစ်ဆေးမည် ဖြစ်သည်။
- မွေးဖွားမှုများ၊ သေဆုံးမှုများ၊ အသစ်ရောက်လာသူ သို့မဟုတ် ထွက်ခွာသွားသူများအပါအဝင် လူဦးရေ ဆိုင်ရာ နောက်ဆုံးအချက်အလက်များကို ရယူခြင်းနှင့် ဖြန့်ဝေပေးခြင်း၊ ဖြန့်ဝေမှုအေဂျင်စီများ အတွက် ပေါ်ထွက်လာသော သီခြားလိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ခြင်း
- ဖြန့်ဝေရန် လိုအပ်သည့် ပစ္စည်းအရေအတွက်များအပေါ် သက်ရောက်မှု ရှိစေနိုင်သည့် မည်သည့် အပြောင်းအလဲကိုမဆို မိတ်ဖက်အေဂျင်စီများအား အသိပေးခြင်း

☛ မှတ်ပုံတင်ခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းကောက်ယူခြင်းအကြောင်းကို ထပ်မံသိလိုပါက - အခန်း (၉) - မှတ်ပုံတင်ခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းကောက်ယူခြင်း - ကိုကြည့်ပါ။

ဖြန့်ဝေမည့် ပစ္စည်းစာရင်းများ

တစ်သမတ်တည်းဖြစ်မှုနှင့် ထိရောက်အကျိုးရှိမှုတို့ကို ရရှိနိုင်စေရန် ဖြစ်နိုင်ပါက အစားအစာများ၊ လူသုံးပစ္စည်းများ၊ ငွေသားနှင့် ကူပွန်လက်မှတ် ဖြန့်ဝေမှုများအတွက် တူညီသော ဖြန့်ဝေမှုစာရင်းများ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်း များကို အသုံးပြုပါ။

ငွေသား နှင့် ကူပွန်လက်မှတ်များ

စခန်းများတွင် မိမိတို့၏ မိသားစုများအား အစားအစာနှင့် လူသုံးပစ္စည်းများကို ပံ့ပိုးပေးနိုင်ရန် ရုန်းကန်လှုပ်ရှားနေသူ များအတွက် ငွေကြေးထောက်ပံ့ရာတွင် ငွေသားနှင့် ကူပွန်လက်မှတ်စနစ်များသည် အရေးကြီးသော ကူညီထောက်ပံ့မှု ပုံစံတစ်ခု

အဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျှက်ရှိပါသည်။ ငွေသားကို အခြေခံသော စျေးကွက်များ ကောင်းစွာ လည်ပတ်နေသည့် ဒေသများတွင် ထိုစနစ်များသည် ရုပ်ဝတ္ထုပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ရလဒ်များ တိုးတက်စေရန် အကောင်းဆုံးနည်းလမ်းများအဖြစ် ယူဆကြပါသည်။

ငွေသားနှင့် ကူပွန်လက်မှတ် လွှဲပြောင်းခြင်းဆိုသည်မှာ အဘယ်နည်း

- ➔ ငွေသားလွှဲပြောင်းပေးခြင်း - လူများ သို့မဟုတ် အိမ်ထောင်စုများအား ငွေသားပေးခြင်း သို့မဟုတ် ဘဏ်မှ ငွေလွှဲပို့ခြင်းဖြင့် ပေးသော ကူညီထောက်ပံ့မှုများဖြစ်ပါသည်။ လက်ခံရရှိသူများသည် ၄င်းတို့၏ အစားအစာ လိုအပ်ချက်များကို စျေးများတွင် ကိုယ်တိုင်ဝယ်ယူဖြည့်ဆည်းနိုင်ပါသည်။
- ➔ ကူပွန်လက်မှတ်များဖြင့် လွှဲပြောင်းပေးခြင်း - လူများ သို့မဟုတ် အိမ်ထောင်စုများအတွက် ဆိုင်များတွင် သတ်မှတ်ထားသော အစားအစာအမျိုးအစားနှင့် ပမာဏကို လဲလှယ်ယူနိုင်သော စက္ကူ သို့မဟုတ် အီလက် ထရောနစ် လက်မှတ်များဖြင့် ပေးသော ကူညီထောက်ပံ့မှုများ ဖြစ်ပါသည်။ ကူပွန်လက်မှတ် အဓိကပုံစံ နှစ်မျိုးမှာ -
  - ကုန်ပစ္စည်းကူပွန်လက်မှတ် - သတ်မှတ်ထားသော အစားအစာများကို သတ်မှတ်ထားသော ပမာဏအတိုင်း လဲလှယ်ယူနိုင်သည့် လက်မှတ်
  - ငွေသားကူပွန်လက်မှတ် - သတ်မှတ်ထားသော အစားအစာများထဲမှ ကူပွန်လက်မှတ်တွင် ပါရှိ သော ငွေတန်ဖိုးနှင့် ညီမျှသည့် အမျိုးအစားများကို ရွေးချယ်ယူနိုင်သည့် လက်မှတ်

ငွေသားနှင့် ကူပွန်လက်မှတ်စနစ်များအား အိမ်ထောင်စုများ၏ ဝယ်ယူနိုင်စွမ်းအားနှင့် အာဟာရဖြည့်တင်းမှု တိုးတက်လာစေရန်နှင့် ဒေသတွင်းရှိ ကုန်သွယ်ရောင်းဝယ်မှုများကို အားပေးရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သို့သော် ထိုစနစ်များသည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာရပ်များအား လျော့ပါးသက်သာ စေခြင်းထက် ပိုဆိုးအောင် ပြုလုပ်နိုင်ခြေ ရှိပါသည်။ ထို့ကြောင့် စားနပ်ရိက္ခာဖူလုံရေး ဝန်ဆောင်မှုပေးသူများသည် အိမ်ထောင်စုများ၏ လိုအပ်ချက်များ၊ စျေးကွက်၏ စွမ်းဆောင်နိုင်ရည်၊ ပြောင်းလဲနေသော အခြေအနေနှင့် အစီအစဉ် ၏ ရည်ရွယ်ချက်များကို ပိုမိုနားလည်သဘောပေါက်လာသည့် အခါမှသာ ငွေသားနှင့် ကူပွန်လက်မှတ်ပုံစံများနှင့် ဖြန့်ဝေမှုယန္တရားများကို ရွေးချယ်သင့်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဤလေ့လာဆန်းစစ်မှုတွင် ပါဝင်ကူညီ နိုင်ပြီး အသင့်လျော်ဆုံးပုံစံကို ရှင်းလင်းတင်ပြ တိုက်တွန်းဆွေးနွေးနိုင်ပါသည်။

ငွေသား နှင့် ကူပွန်လက်မှတ် ပုံစံများ၏ အကျိုးကျေးဇူးများ နှင့် အန္တရာယ်ဖြစ်နိုင်ခြေ ဥပမာများ -

အကျိုးကျေးဇူးများ

- ➔ ဂုဏ်သိက္ခာ - စခန်းလူထုသည် ကူညီထောက်ပံ့မှုများရရှိရန်အတွက် တန်းစီးခြင်းများပြုလုပ်ရန် မလိုပေ။
- ➔ လုပ်ပိုင်ခွင့်နှင့်စွမ်းဆောင်ရည် မြှင့်တင်ပေးမှု - စခန်းလူထုကိုယ်တိုင် မည်သည့်လိုအပ်ချက်များကိုဦးစားပေးသင့် ကြောင်း တိုက်ရိုက်ရွေးချယ်နိုင်သည်။ ၄င်းတို့အတွက် အရေးအကြီးဆုံးကို ရွေးချယ်ခွင့်ရှိသည်။ ငွေသားသည် အိမ်ထောင်စုဝင် အချို့အား ဆုံးဖြတ်ချက်ချရာ၌ ပါဝင်လာနိုင်ရေးအတွက် အထောက်အကူ ပြုနိုင် သည်။
- ➔ ကုန်ကျသလောက် ထိရောက်ကာ တွက်ခြေကိုက်မှု - လုပ်ငန်းဆောင်ရွက်မှုစရိတ်များကို လျော့နည်းသွားစေပြီး ထောက်ပံ့ပစ္စည်းများ လမ်းလွှဲသွားခြင်း သို့မဟုတ် ပြန်လည်ရောင်းချခြင်းတို့ကိုလည်း ယေဘုယျ အားဖြင့် လျော့နည်းစေ ပါသည်။
- ➔ ဆပ္ပားအကျိုးကျေးဇူးများ - ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုပြီး စခန်းအနီး ဝန်းကျင်ရှိ ရပ်ရွာလူထုများကိုလည်း အကျိုးပြုပါသည်။

ဆိုးကျိုးဖြစ်နိုင်ခြေများ

- ➔ စျေးကွက်များ - ငွေကြေးဖေါင်းပွမှုနှင့် ကုန်ပစ္စည်း ပြတ်လပ်မှုတို့ကို ဖြစ်စေခြင်းဖြင့် ဒေသတွင်း စျေးကွက် အား ထိခိုက်စေနိုင်သည်
- ➔ လူများ (အိမ်ထောင်စုများ၊ လူပုဂ္ဂိုလ်များ) - ငွေကို မည်သို့ သုံးစွဲမည်ဆိုသည်နှင့်ပတ်သက်၍ သဘောထား မတိုက်ဆိုင်မှုများ ဖြစ်လာပါက အိမ်ထောင်စုများအတွင်း ရှိနေသည့် တင်းမာမှုများကို ပိုမို ဆိုးရွားစေနိုင် သည်။
- ➔ လူမှုအသိုင်းအဝိုင်းအတွင်း အပြန်အလှန် တုံ့ပြန်ဆောင်ရွက်မှုများ - ရရှိမည့်လူများအား ရွေးချယ်သည့် နည်းလမ်းပေါ် မူတည်ကာ ကူညီထောက်ပံ့မှုများမှ အကျိုးခံစားရသော အုပ်စုများ နှင့် အကျိုးမခံစားရသော အုပ်စုများကြား ဆက်ဆံရေးများ ပျက်ပြားနိုင်ပါသည်။

ငွေသား နှင့် ကူပွန်လက်မှတ် ဖြန့်ဝေသော စနစ်များတွင် အောက်တွင် ဖေါ်ပြထားသူများ အပါအဝင် လုပ်ဆောင်သူ အမျိုးမျိုး ပါဝင်ပတ်သက်နေပါသည် -

- ➔ ကူညီထောက်ပံ့မှုများအတွက် သင့်လျော်သော လွှဲပြောင်းမှုပုံစံများနှင့် နစ်သက်သော အစားအစာ စာရင်းများ အတွက် ဆွေးနွေးတိုင်ပင်ရန် လိုအပ်သည့် စခန်းလူထု
- ➔ များသောအားဖြင့် နိုင်ငံအာဏာပိုင်များ၏ ပံ့ပိုးကူညီ ကြီးကြပ်မှုဖြင့် စားနပ်ရိက္ခာစျေးနှုန်းများကို ညှိနှိုင်းကာ သဘောတူသတ်မှတ်ရမည့် လက်လီဖြန့်ချိသူများ
- ➔ စခန်းလူထုထံ ငွေသားလွှဲပြောင်းပေးရန်နှင့် ကုန်ပစ္စည်းရောင်းချသူများအား ငွေပြန်ထုတ်ပေးရန် ပါဝင် ဆောင်ရွက်ပေးမည့် ငွေကြေးဝန်ဆောင်မှုပေးသူများ (ဘဏ်များ၊ ငွေလွှဲအေဂျင်စီများ)

လုပ်ငန်းစဉ်တစ်ခုလုံးကို ဝန်ဆောင်မှုပေးသူမှ ဦးဆောင်သွားမည် ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လူထု ပါဝင်ဆောင်ရွက်သော လိုအပ်ချက်ဆန်းစစ်မှုနှင့် ကဏ္ဍအလိုက် ဆန်းစစ်မှုများ၊ ငွေသား သို့မဟုတ် ကူပွန်လက်မှတ် တန်ဖိုးများကို အသင့်လျော်ဆုံးသတ်မှတ်ပေးနိုင်ရန် ဆွေးနွေးခြင်းများ၊ အခြေခံစားသောက်ကုန်များကို ထပ်ဆောင်း ပံ့ပိုးပေးရန် လိုအပ်ချက်နှင့် ငွေသား သို့မဟုတ် ကူပွန်လက်မှတ် လွှဲပြောင်းပေးသည့် လုပ်ငန်းစနစ်များ ရွေးချယ်မှုတို့အား ကူညီပံ့ပိုးပေးမည့်အပြင် ဝန်ဆောင်မှု ပေးသူမှ မေးမြန်းလာသော အခြားအကြောင်းအချက်များကို ဖြေရှင်း ပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

အားလုံးအတွက် ရှင်းလင်းသော တာဝန်ဝတ္တရားများ

ငွေသားနှင့် ကူပွန်လက်မှတ်ဖြင့်ဆောင်ရွက်သည့် အစီအစဉ်များတွင် လုပ်ဆောင်သူများ ထို့ထက်မက ပါဝင်ပတ်သက် နေပါသည်။ မိမိတို့၏ တာဝန်ဝတ္တရားများကို ရှင်းလင်းစွာ သိရှိစေရန်အတွက် အမျိုးမျိုးသော လုပ်ဆောင်သူ များနှင့် သဘောတူညီချက်များ ရယူထားရန် လိုအပ်မည်ဖြစ်သည်။

ငွေသားနှင့် ကူပွန်လက်မှတ်စနစ်များတွင် ငွေသားသုံးစွဲပုံနှင့် အိမ်ထောင်စုများ၊ စျေးကွက်များနှင့် ရပ်ရွာလူထုတို့ အပေါ် အကျိုးသက်ရောက်မှုကို သိရှိရန် ရည်ရွယ်ဆောင်ရွက်သည့် စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း တို့အား အလေးထား ဆောင်ရွက်ရန် လိုအပ်ပါသည်။ ၄င်းတို့ကို ဦးစားပေးဆောင်ရွက်ခြင်းမရှိပါက ငွေသားနှင့် ကူပွန် လက်မှတ်စနစ်များသည် ကူညီထောက်ပံ့မှုများ လမ်းလွှဲသွားနိုင်သည့် အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ပြီး ထောက်ပံ့ကူညီမှု ယန္တရားတွင် ရှိပြီးဖြစ်သည့် ပြဿနာများအား ပို၍ ကြီးထွားစေနိုင်ပါသည်။ ငွေသားနှင့် ကူပွန်လက်မှတ်များအား စောင့်ကြည့်ကြီးကြပ်သည့်စနစ်သည် စခန်းလူထု၏လိုအပ်ချက်များ၊ အန္တရာယ်ကျရောက်လွယ်မှုများနှင့် အခက်အခဲ များကို ရင်ဆိုင်ဖြေရှင်းသည့် နည်းဗျူဟာများနှင့် ပတ်သက်၍ တုံ့ပြန်အကြံပြုမှုများ ရရှိစေနိုင်ပြီး လူတစ်ဦးချင်း၊ အိမ်ထောင်စုများ သို့မဟုတ် စျေးကွက်တို့အပေါ်၌ ထိခိုက်နစ်နာမှု မရှိစေနိုင်သည့်အကြောင်းကို စခန်းစီမံခန့်ခွဲမှု အေဂျင်စီမှ ရှင်းလင်းတင်ပြ ဆွေးနွေးသင့်ပါသည်။

ဖြန့်ဝေရေးဝန်ဆောင်မှု အေဂျင်စီများနှင့် လက်တွဲဆောင်ရွက်ခြင်း

အရေးပေါ်အခြေအနေတွင် အဓိက စားနပ်ရိက္ခာဖူလုံရေး အေဂျင်စီမှာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food

Programme - WFP) ဖြစ်ပါသည်။ စခန်းများတွင် အဓိက လူသုံးပစ္စည်း ဖြန့်ဝေသူများမှာ ကုလသမဂ္ဂ ဒုက္ခသည်များ အေဂျင်စီ (UNHCR)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ ရွှေ့ပြောင်းသွားလာနေထိုင်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ နှင့် လခြမ်းနီ ဖက်ဒရေးရှင်း နှင့် (IFRC) နှင့် နိုင်ငံအာဏာပိုင်များ ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ၊ ဒေသခံ နှင့် နိုင်ငံတကာ ဘာသာရေးအခြေခံ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ဖောင်ဒေးရှင်းများလည်း ရှိကြပါသည်။ ငွေသားနှင့် ကူပွန်လက်မှတ်စနစ်များကို လက်ရှိကာလတွင် ပိုမိုအသုံးပြု လာကြခြင်းမှာ ဘေးဒဏ်ခံလူထုများအတွက် ပိုမို ပြောင်းလွယ်ပြင်လွယ်သည့် ပံ့ပိုးမှုများကို ပေးနိုင်ပြီး ဒေသတွင်းရှိ စျေးကွက်များကိုလည်း ကူညီထောက်ပံ့နိုင်သောကြောင့် ဖြစ်ပါသည်။ ဝန်ဆောင်မှုပေးသည့် အေဂျင်စီသည် လုပ်ငန်းစဉ်တစ်ခုလုံးကို စီမံအုပ်ချုပ်ပါလိမ့်မည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဤလွှဲပြောင်းမှုပုံစံများ ထိရောက်မှု ရှိစေရန်အတွက် ဒေသခံ စျေးဆိုင်ပိုင်ရှင်များ သို့မဟုတ် ပစ္စည်းရောင်းချမည့်သူများ၊ ငွေကြေး ဝန်ဆောင်မှုပေးသူများ၊ မိုဘိုင်းဖုန်း ကုမ္ပဏီများ၊ အခြားသက်ဆိုင်သူများနှင့် ကောင်းမွန်သောဆက်ဆံရေးများ တည်ဆောက်ပေးရန် လိုအပ်ပါ လိမ့်မည်။

ဝန်ဆောင်မှုပေးသည့် အေဂျင်စီ၏ တာဝန်ဝတ္တရားများသည် အခြေအနေအကြောင်းအရာပေါ်မူတည်၍ အမျိုးမျိုး ဖြစ်နိုင်သော်လည်း ယေဘုယျအားဖြင့် အောက်ပါတို့ ပါဝင်ပါသည် -

- ➔ လိုအပ်ချက်များနှင့် ကဏ္ဍအလိုက် (စျေးကွက်၊ လက်လီရောင်းချမှုနှင့် ငွေကြေးကဏ္ဍ) လေ့လာအကဲဖြတ်မှု များ ဆောင်ရွက်ခြင်း
- ➔ ငွေသားနှင့် ကူပွန်လက်မှတ်ပုံစံများအတွက် ဝန်ဆောင်မှုပေးမည့် ယန္တရားများနှင့် အဖွဲ့အစည်းများကို ရွေးချယ်ခြင်း
- ➔ အစားအစာများ၊ လူသုံးပစ္စည်းများ၊ ငွေသားနှင့် ကူပွန်လက်မှတ်များ လွှဲပြောင်းဖြန့်ဝေပေးမှုများကို ညှိနှိုင်း ဆောင်ရွက်ခြင်း
- ➔ ပစ္စည်းများကို သိုလှောင်ရုံများသို့ ပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း
- ➔ သတ်မှတ်နေရာနှင့် သတ်မှတ်နေရာပြင်ပတွင် အစားအစာနှင့် လူသုံးပစ္စည်းများ ဖြန့်ဝေမှုကို စီမံခန့်ခွဲခြင်း
- ➔ ငွေသားနှင့် ကူပွန်လက်မှတ်များဖြင့် လဲလှယ်ဝယ်ယူရမည့် ဒေသတွင်းရှိ စျေးများနှင့် ကန်ထရိုက် စာချုပ် ချုပ်ဆိုထားသော ဆိုင်များမှ ကုန်ပစ္စည်းများ၏ အရည်အသွေးကို စောင့်ကြည့်ကြီးကြပ်ခြင်း
- ➔ ငွေလွှဲပြောင်းခြင်း၊ ကူပွန်လက်မှတ်ဖြန့်ဝေခြင်း၊ ကုန်ပစ္စည်းများနှင့် လဲလှယ်ခြင်းများကို စောင့်ကြည့်ကြီးကြပ် ခြင်း
- ➔ ပစ္စည်းများ ဖြန့်ဝေသည့် ကာလနှင့် ဖြန့်ဝေပြီးချိန်များတွင် ငွေနှင့် ဖြန့်ဝေထားသော ပစ္စည်းများကို အသုံးပြုပုံ အား စောင့်ကြည့်ကြီးကြပ်ခြင်း
- ➔ ကူညီထောက်ပံ့မှုများကို လက်ခံရယူနေသူများထံသို့ အပါအဝင် လုပ်ငန်းလုပ်ဆောင်မှုများတွင် တာဝန်ခံယူမှု ရှိကြောင်း သေချာစေခြင်း

နေရာသစ်များတွင် လိုအပ်ချက်များ လေ့လာဆန်းစစ်ခြင်းနှင့် အသုံးပြုရမည့်ပုံစံများကို လေ့လာအကဲဖြတ်ခြင်းတို့အား စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၊ စခန်းလူထု၊ နိုင်ငံအာဏာပိုင်များနှင့် ဝန်ဆောင်မှုပေးသူများ ပူးပေါင်းဆောင်ရွက်သင့်ပါ သည်။ ထိုလေ့လာဆန်းစစ်မှုများသည် စခန်းလူထုနှင့် သက်ဆိုင်သည့် အောက်ပါအချက်များကို ခြုံငုံမိသင့်ပါသည်။

- ➔ အာဟာရ အဆင့်အတန်းနှင့် စားနေကျအစားအစာများ
- ➔ မိမိကိုယ်မိမိ အားကိုးမှီခိုနိုင်မှု တိုးပွားလာနိုင်ခြေများ၊
- ➔ သီးခြားလိုအပ်ချက်များ
- ➔ လွှဲပြောင်းမှုပုံစံများ ရွေးချယ်မှုနှင့် ဆက်နွယ်နေသော ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာဆိုင်ရာ အရေးကိစ္စ များ
- ➔ နှစ်သက်ရွေးချယ်ကြသော အစားအစာများ
- ➔ ချက်ပြုတ်ရန် လောင်စာနှင့် ထောက်ပံ့ပစ္စည်းများအား လက်လှမ်းမီရရှိနိုင်မှု
- ➔ ဒေသတွင်း စျေးကွက် အခြေအနေများ
- ➔ ငွေသားနှင့် ကူပွန်လက်မှတ် ပုံစံများအတွက် နည်းပညာလိုအပ်ချက်များ

ပြင်းထန်စွာ အာဟာရ ချို့တဲ့သူများအတွက် အာဟာရကျွေးမွေး ကုသရေးဌာနများနှင့် ဖြည့်စွက်စာ ကျွေးမွေးမှုများ ဖြင့် သီးခြား ကူညီထောက်ပံ့ပေးရန်လိုအပ်သည်။

☛ အာဟာရနှင့် ပတ်သက်၍ အသေးစိတ်ကို အခန်း ၁၆ - ကျန်းမာရေးနှင့် အာဟာရ - တွင် ကြည့်ပါ။

ပစ္စည်းဖြန့်ဝေသည့် စနစ်များ

ယေဘုယျအားဖြင့် ပစ္စည်းဖြန့်ဝေသည့် စနစ် ၃ မျိုးရှိပါသည် -

- ➔ စခန်းလူထု အုပ်စုများထံ ဖြန့်ဝေခြင်း - မှတ်ပုံတင်ခြင်း ပြုလုပ်မပေးနိုင်မီနှင့် ရိက္ခာကဒ်ပြားများ ထုတ်မပေး နိုင်မီ လူအမြောက်အများ ဝင်ရောက်လာတတ်သည့် အရေးပေါ်အခြေအနေ၏ ကနဦးအဆင့်များတွင် ဤစနစ်ကို မကြာခဏ အသုံးပြုကြပါသည်။ ဤစနစ်တွင် ခေါင်းဆောင်များက ၄င်းတို့၏ သဘောဆန္ဒ အတိုင်း ပစ္စည်းများကို ဖြန့်ဝေပေးနိုင်သည့်အတွက် အလွဲသုံးစားပြုနိုင်ခြေများ တိုးပွားလာနိုင်ပြီး အချို့လူများ ကိုလည်း ပိုမို ထိခိုက်လွယ်စေနိုင်ပါသည်။
- ➔ အိမ်ထောင်ဦးစီးများ ပါဝင်သော အုပ်စုကိုယ်စားလှယ်များထံ ဖြန့်ဝေပေးပြီး ထိုကိုယ်စားလှယ်များက အိမ်ထောင်ဦးစီး တစ်ဦးချင်းထံ ချက်ချင်း ပြန်လည်ဖြန့်ဝေပေးခြင်း - ဤစနစ်အား အရေးပေါ်အခြေအနေ အစောပိုင်းအဆင့်နှင့် စခန်း သို့မဟုတ် အခြေချရာနေရာတစ်ခုအား စနစ်တကျထူထောင်ပြီးသည့် အဆင့် ကြား အကူးအပြောင်းကာလ သို့မဟုတ် နေရာအခက်အခဲရှိပြီး ပစ္စည်းဖြန့်ဝေသည့်နေရာများတွင် လူအရေ အတွက် အကန့်အသတ်ဖြင့်သာ လက်ခံနိုင်သောအခါမျိုးတွင် ရွေးချယ်အသုံးပြုနိုင်ပါသည်။ ဤစနစ်အား စီမံဆောင်ရွက်ပြီး ကျားမ တန်းတူညီမျှမရှိခြင်း ကဲ့သို့သော အချက်များအား ခိုင်ခိုင်လုံလုံ လေ့လာဆန်းစစ် နိုင်ပါက ဖြန့်ဝေမှုလုပ်ငန်းစဉ်တွင် ဗဟိုချုပ်ကိုင်မှုကို လျော့ချနိုင်ပြီး စခန်းလူထု၏ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်တိုင် စီမံအုပ်ချုပ်မှုများကို တိုးမြင့်လာစေပါသည်။
- ➔ အိမ်ထောင်ဦးစီးများထံ ဖြန့်ဝေပေးခြင်း - ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်ခြေ မရှိပါက ဖြစ်နိုင်လျှင် အမျိုးသမီးအိမ်ထောင်ဦးစီးများထံ ဖြန့်ဝေပေးနိုင်လျှင် ပိုကောင်းပါသည်။ ဓလေ့ထုံးစံနှင့် သက်ဆိုင်သော အခြေအနေများပေါ်မူတည်၍ စခန်းတစ်ခုတည်ထောင်ပြီး၊ မှတ်ပုံတင်ခြင်းနှင့် ရိက္ခာကဒ်ပြား များ ထုတ်ပေးပြီးသည်နောက် လူကြိုက်အများဆုံးနှင့် အသုံးအများဆုံး စနစ်တစ်ခု ဖြစ်ပါသည်။ အိမ်ထောင် ဦးစီး တစ်ဦးချင်းထံသို့ ဖြန့်ဝေခြင်းသည်သာ မိသားစုအားလုံးသည် မိမိတို့၏ ရိက္ခာများကို အညီအမျှ ရရှိကြောင်း သေချာစေသော နည်းလမ်းဖြစ်ပါသည်။ ငွေသားနှင့် ကူပွန်လက်မှတ်များကို လွှဲပြောင်းရာတွင် တစ်ဦးချင်းကို တိုက်ရိုက်ဖြန့်ဝေသည့်စနစ်ကိုသာ ကျင့်သုံးသင့်ပါသည်။

အမျိုးသမီးများ၊ အမျိုးသားများနှင့် ဆွေးနွေးခြင်း

အမျိုးသမီးများအား အိမ်ထောင်စုတစ်ခုချင်းကို ကိုယ်စားပြုစေပြီး အစားအစာ၊ ငွေသား၊ ကူပွန်လက်မှတ် များနှင့် လူသုံးပစ္စည်းများကို လက်ခံယူရန် အားပေးခြင်းသည် အမျိုးသမီးများအတွက် စားနပ်ရိက္ခာဖူလုံမှုကို တိုးတက် စေနိုင်ပြီး မိသားစုတစ်ခုလုံးနှင့် ရပ်ရွာတစ်ခုလုံး၏ ခန္ဓာကိုယ်ရော စိတ်နလုံးပါ အာဟာရပြည့်ဝမှုကို အထောက်အကူ ဖြစ်စေသည်။ အမျိုးသမီးများနှင့် မိန်းကလေးများအား လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းသည် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အရင်းအမြစ်များ လက်လှမ်းမီ အသုံးပြုနိုင်မှုကို တိုးတက်စေခြင်း၊ အမျိုးသမီးများ၏ နိုင်ငံရေးအတွက် ပြောဆိုပိုင်ခွင့်များ တိုးမြင့်လာခြင်းနှင့် အကြမ်းဖက်ခံရမှု အန္တရာယ်ကျရောက်နိုင်ခြေ လျော့နည်းစေခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော် အချို့သော ဓလေ့ထုံးစံများတွင် အမျိုးသမီးများအား မျက်နှာသာပေးကာ အမျိုးသားများ၏ အခန်းကဏ္ဍကို လျော့ချခြင်းသည် အိမ်ထောင်စုတွင်း တင်းမာမှုများ တိုးလာစေနိုင်ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပိုမို မြင့်မားလာစေနိုင်ပါသည်။ လူမှုရေး မညီမျှမှုများကို ပိုမိုအားပေးရာ မရောက်စေရန်နှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည် မြှင့်တင် ပေးရန်အတွက် ဖြန့်ဝေမှုအစီအစဉ်များကို မည်သို့ အကောင်းဆုံး စီစဉ်ဆောင်ရွက်နိုင်မည်ဆိုသည်ကို အမျိုးသမီးများ ရော အမျိုးသားများနှင့်ပါ တိုင်ပင်ဆွေးနွေးရမည်ဖြစ်ပြီး တစ်ချိန်တည်းတွင် လူအားလုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း ပေးရင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ အန္တရာယ်ကျရောက်နိုင်သော အခြေအနေသို့ ရောက်ရှိသွားခြင်း မရှိစေရန် ဆောင်ရွက်ရပါမည်။

တိုင်ကြားမှုဆိုင်ရာ အစီအမံများ၏ အရေးပါပုံ

တိုင်ကြားမှု အစီအမံများ မရှိသည့် စခန်းများတွင် စခန်းလူထု၊ အထူးသဖြင့် အမျိုးသမီးများနှင့် မသန်စွမ်းသူများသည် လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းမှ ဝန်ထမ်းများ၏ ခေါင်းပုံဖြတ်မှုနှင့် အနိုင်အထက်ပြုမှုများကို ခံရနိုင်

သည့် အန္တရာယ် ပိုမိုမြင့်မားလာနိုင်ပါသည်။ ယင်းဝန်ထမ်းများသည် မိမိတို့၏ ရာထူးနေရာများကို အခွင့်ကောင်းယူကာ ဖြန့်ဝေမှုများအတွက် လာဘ်ယူခြင်း သို့မဟုတ် တောင်းဆိုချက်များ ပြုလုပ်နိုင်ပါသည်။

ပစ္စည်းဖြန့်ဝေရေး ကော်မတီများ

ပွင့်လင်းမြင်သာမှုရှိပြီး လူထုကို ကိုယ်စားပြုသည့် လုပ်ငန်းစဉ်ဖြင့် ပစ္စည်းဖြန့်ဝေသည့် ကော်မတီများအား ဖွဲ့စည်းထူထောင်ရာတွင် အတန်အသင့် တည်ငြိမ်မှုရှိသော ပတ်ဝန်းကျင်တစ်ခု လိုအပ်ပါသည်။ စခန်းလူထုအားလုံးကို ပူးပေါင်းပါဝင်ဆောင်ရွက်စေနိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။ ကော်မတီဝင်များကို ဒီမိုကရေစီနည်းကျ ရွေးချယ် တင်မြှောက်သင့်ပြီး အုပ်စုတိုင်းအတွက် ကိုယ်စားပြုသူများတွင် အမျိုးသား နှင့် အမျိုးသမီး ထက်ဝက်စီ အညီအမျှ ပါဝင်စေသင့်ပါသည်။ အသက်အရွယ်၊ လူမျိုး၊ ယုံကြည်ကိုးကွယ်မှု နှင့် သီးခြားလိုအပ်ချက်ရှိသောသူများ၊ အထူးသဖြင့် မသန်စွမ်းသူများ စသည်တို့ကို ကိုယ်စားပြုကြောင်း သေချာစေရန်လည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

ဖြန့်ဝေမှုများကို တာဝန်ယူရသော အေဂျင်စီ၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် စခန်းလူထုကြား ချိတ်ဆက်မှုတစ်ခုဖြစ်သည့် ပစ္စည်းဖြန့်ဝေမှုကော်မတီများသည် အောက်ပါတို့ကို ပါဝင်ကူညီသင့်ပါသည်။

- ➔ သဘာဝမကျသော မျှော်လင့်ချက်များ မထားရှိကြစေရန် စောင့်ကြည့်ထိန်းသိမ်းပေးထားခြင်း
- ➔ လုပ်ထုံးလုပ်နည်းများနှင့် ကန့်သတ်ချက်များကို ခြုံငုံနားလည်မှုများ တိုးပွားစေခြင်း
- ➔ ပစ္စည်းဖြန့်ဝေမှုနှင့် သက်ဆိုင်သော ကိစ္စရပ်များအားလုံးအတွက် စခန်းလူထုထံမှ တုံ့ပြန်အကြံပြုမှုများ လက်ခံရရှိကြောင်း သေချာစေခြင်း
- ➔ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံယူမှုတို့ ရှိကြောင်း သေချာစေခြင်း

ယင်းကော်မတီသည် လူထုကို ကိုယ်စားပြုပြီး တာဝန်ခံယူမှုရှိစွာဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း သေချာစေရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် တာဝန်ခံယူမှုဆိုင်ရာ စံနှုန်းနှင့် ကတိကဝတ်ပြုမှု အချို့ကို လိုက်နာအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကျင့်ဝတ်စည်းမျဉ်းနှင့် လိုင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း

ပစ္စည်းဖြန့်ဝေရေး အေဂျင်စီများတွင် ဘေးဒဏ်ခံလူထုအား လိုင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အနိုင် အထက်ပြုမှုများ မပြုလုပ်ရန် ပြင်းပြင်းထန်ထန် တားမြစ်ထားသော ကျင့်ဝတ်စည်မျဉ်းများ ရှိသင့်သည်။ ထိုကျင့်ဝတ်စည်းမျဉ်းများအား ကူညီထောက်ပံ့မှုများကို လက်ခံရယူနေသူ လူထုထံ သင့်တော်သည့်ပုံစံဖြင့် မျှဝေပေးထား ရပါ မည်။ သို့မှသာ ၄င်းတို့သည် ဝန်ထမ်းများ၏ ပြုမူဆောင်ရွက်မှုများအတွက် မျှော်မှန်းထားရှိသော စံနှုန်းများကို နားလည် သိရှိပြီး ကူညီထောက်ပံ့မှုများ ပေးနေသည့် အေဂျင်စီများအား တာဝန်ခံယူမှုရှိအောင် မည်သို့ ဆောင်ရွက်ရမည် ဆိုသည်ကို သိရှိမည်ဖြစ်သည်။

ပစ္စည်းများ ဖြန့်ဝေမှုအား အသိပေးကြေညာချက်များ

ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးမည့်ပုံစံများ သို့မဟုတ် ပစ္စည်းများရောက်ရှိမှုနှင့် ဖြန့်ဝေမှုဆိုင်ရာ သတင်းအချက်အလက်များကို စခန်းလူထုအား အသိပေးရာတွင် မည်သူ၊ မည်သည့်အရာ၊ မည်သည့်အချိန်၊ မည်သည့်နေရာနှင့် မည်ကဲ့သို့ ဟူသည့် အခြေခံအချက်များ ပါဝင်သင့်သည်။ ပစ္စည်းများ ဖြန့်ဝေခြင်းမပြုမီ အသိပေးကြေညာချက်များ ထုတ်ပြန်ရန်မှာ ဖြန့်ဝေမှုအေဂျင်စီ၏ တာဝန်ဖြစ်သော်လည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စောင့်ကြည့်ကြီးကြပ် ပေးသင့်ပါသည်။ ဖြန့်ဝေမှု အသိပေးကြေညာချက်များသည် -

- ➔ ပုံစံတကျ နှင့် အလွတ်သဘော ဆက်သွယ်ရေးလမ်းကြောင်းမျိုးစုံကို အသုံးပြုကာ စခန်းတွင်းရှိ လူအုပ်စုများ အားလုံးထံသို့ ရောက်ရှိအောင် ပြုလုပ်သင့်ပါသည်။
- ➔ ဒေသန္တရ ဘာသာစကားများကို အသုံးပြုပြီး စာမတတ်သော စခန်းလူထုထံသို့လည်း ရောက်ရှိအောင် ဆောင်ရွက်သင့်သည်။
- ➔ သတင်းအချက်အလက်များအား ကိုယ်ပိုင်နိုင်ငံရေးအစီအစဉ်များ ရှိနိုင်သော လူထုခေါင်းဆောင်များမှ တစ်ဆင့် ပေးခြင်းထက်

အမျိုးသမီးများနှင့် စခန်းတွင်း ဖြန့်ဝေမှုကော်မတီများကို ပါဝင်ဆောင်ရွက်စေသင့် သည်။

- အန္တရာယ်ကျရောက်နိုင်ခြေ ရှိသူများ အပါအဝင် စခန်းတွင်းရှိ လူအုပ်စုနှင့် အစည်းအဝေးများ ပြုလုပ်ခြင်း၊ ပိုစတာများ၊ ရုပ်ပုံများဖြင့် သတင်းစကားပါးမှုများ၊ ကြေညာစာကပ်သည့် သင်ပုန်းများ၊ ရေဒီယို၊ အသံချဲ့ စက်များနှင့် ဖုန်းမက်ဆေ့ချ် ပို့ခြင်းများ စသည့် နည်းလမ်းအမျိုးမျိုးကို အသုံးပြုသင့်သည်။
- သက်ရွယ်ကြီးသူများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးနှင့် ကလေး အိမ်ထောင်ဦးစီးများ ကျန်မနေဘဲ ပါဝင်မှု ရှိကြောင်းကို သေချာစေသင့်သည်။
- စခန်းလူထုအား သတင်းစကားများကို အပြည့်အဝ နားလည်သိရှိစေပြီး တုံ့ပြန်အကြံပြုမှုများ ပေးခွင့်ပြုသင့် သည်။

ပစ္စည်းများ ဖြန့်ဝေရာသို့ ယူဆောင်လာသင့်သော အရာများ

လက်ခံရရှိမည့် အစားအစာများကို ထည့်ယူသယ်ဆောင်နိုင်ရန် ဘူးများ၊ ပုံးများ၊ တောင်းများ သို့မဟုတ် ပုလင်းများ ကဲ့သို့သော မည်သည့်ပစ္စည်းများ ယူဆောင်ရမည်ကို သိရှိခြင်းဖြင့် ဖြန့်ဝေမှုများသည် အစီအစဉ်တကျရှိပြီး လူတန်း ရှည်ရှည် တန်းစီရန်မလိုဘဲ အေးချမ်းတည်ငြိမ်မှု ရှိမည်ဖြစ်ပါသည်။

- သတင်းအချက်အလက်ပေးသည့် လှုပ်ရှားမှုများအကြောင်း ထပ်မံသိလိုပါက - အခန်း ၃ - လူထု ပူးပေါင်း ပါဝင်ဆောင်ရွက်မှု - ကို ကြည့်ပါ။

ဖြန့်ဝေခြင်းများကို ရောက်ရှိနေသော တိုင်းပြည်၏ အားလပ်ရက်များ၊ စခန်းလူထု၏ မူရင်းတိုင်းပြည်များမှ အားလပ်ရက်များ သို့မဟုတ် ဘာသာရေးပွဲတော်ရက်များနှင့် တိုက်ဆိုင်နေပါက ဆောင်ရွက်ခြင်း မပြုသင့်ပါ။

ပစ္စည်းဖြန့်ဝေမည့် နေရာများအား စနစ်တကျ စီမံဖွဲ့စည်းခြင်း

ပစ္စည်းများ ဖြန့်ဝေခြင်းများနှင့် လက်ခံရယူခြင်းများအား ဘေးကင်းလုံခြုံစွာ သိကျွာရှိရှိ စနစ်တကျ ပြုလုပ်နိုင်စေရန် ရည်ရွယ်လျက် ပစ္စည်းဖြန့်ဝေမည့် နေရာများကို တည်ဆောက်ထားသင့်ပါသည်။ ကောင်းစွာ သွားလာလှုပ်ရှားနိုင်ခြင်း မရှိသူများအတွက် ရွေးချယ်အသုံးပြုနိုင်သော ဖြန့်ဝေမှုပုံစံများလည်း ရှိနေရန် လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ UNHCR မှ အကြံပြုထားသည်မှာ အစားအစာ နှင့် လူသုံးပစ္စည်းများ ဖြန့်ဝေရာတွင် လူ ၂၀,၀၀၀ အတွက် အနည်းဆုံး ပစ္စည်းဖြန့်ဝေပေးသည့် နေရာတစ်နေရာနှင့် စောင့်ကြည့်ကြီးကြပ်ပေးသူများ သို့မဟုတ် လုံခြုံရေးဝန်ထမ်းများကို ထည့်သွင်းမတွက်ချက်ဘဲ ပစ္စည်းဖြန့်ဝေပေးသည့် ဝန်ထမ်း နှစ်ဦး ရှိရမည်ဖြစ်သည်။ ပစ္စည်းဖြန့်ဝေသည့် နေရာများနှင့် ပတ်သက်၍ Sphere စီမံချက်၏ လမ်းညွှန်မှုများကိုလည်း ရရှိနိုင်ပါသည်။

ပစ္စည်းဖြန့်ဝေသည့် နေရာများသည် -

- လူများနေထိုင်သည့် နေရာများမှ မပင်မပန်းဘဲ လမ်းလျှောက်လာ၍ရသည့် အကွာအဝေးအတွင်း အချက် အခြာကျသည့် နေရာတွင် ရှိသင့်ပါသည်။ Sphere စီမံချက်မှ လူများနေထိုင်သည့်နေရာနှင့် ၁၀ ကီလိုမီတာ အကွာအဝေးတွင် ရှိရမည်ဟု ဖော်ပြထားသော်လည်း ထိုထက်နီးလျှင် ပိုကောင်းပါသည်။
- ကောင်းစွာ သွားလာလှုပ်ရှားနိုင်ခြင်း မရှိသူများ အပါအဝင် စခန်းလူထုအားလုံး လက်လှမ်းမီ ရောက်ရှိနိုင်မည့် နေရာ ဖြစ်သင့်သည်။
- ပစ္စည်းများအား ခိုးယူခံရခြင်း သို့မဟုတ် အလွဲသုံးစားပြုခံရခြင်းများ မဖြစ်စေရန် ကာကွယ်နိုင်သည့် လုံခြုံ သော နေရာတစ်ခု ဖြစ်သင့်ပါသည်။
- လေ့ကျင့်သင်တန်းပေးထားသော ဝန်ထမ်းများမှ ကြီးကြပ်သင့်ပြီး ပစ္စည်းများ ရယူရန်အတွက် ညအချိန် မတော် သွားလာရခြင်းမျိုး မရှိအောင် စီစဉ်ဆောင်ရွက်သင့်ပါသည်။
- ပစ္စည်းဖြန့်ဝေသည့် နေရာများသည် စစ်တပ် သို့မဟုတ် လက်နက်ကိုင်များ စစ်ဆေးသည့်ဂိတ်များ သို့မဟုတ် ဖြတ်သန်းသွားလာခွင့်ရအောင် ညှိနှိုင်းနေရသောနေရာများကို ဖြတ်သန်းပြီးမှ ရောက်ရှိနိုင်သောနေရာမျိုး တွင် မထားရှိသင့်ပါ။
- ပစ္စည်းဖြန့်ဝေသည့် နေရာများသည် လေဟာပြင်ဈေးများ၊ ဆေးခန်းများ သို့မဟုတ် ဘာသာရေးဆိုင်ရာ ပွဲများ ပြုလုပ်သည့်

နေရာများနှင့် နီးလွန်းသောနေရာတွင် မရှိသင့်ပါ။

- ➔ ရေ ဖြန့်ဝေသည့် နေရာများနှင့် နီးပြီး ကျားမ သီးသန့် အိမ်သာများ ဆောက်ပေးထားရမည်။
- ➔ ဖြန့်ဝေသည့်နေရာတွင်ပင် ဖြန့်ဝေမည့်ပစ္စည်းများကို သိုလှောင်ထားရှိနိုင်ပြီး နှောင့်နှေးမှုများ သို့မဟုတ် မိုးရွာခြင်းများ ရှိပါက တန်းစီနေရသူများ နားခိုနိုင်သော အမိုးအကာများ ပြုလုပ်ထားရှိပေးနိုင်လောက်သည့် နေရာအကျယ်အဝန်း ရှိသင့်သည်။
- ➔ ကျားမလူမှုကဏ္ဍ ကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ အနိုင်အထက် ပြုမှုများကို ကာကွယ်ရန်၊ စောင့်ကြည့်ကြီးကြပ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်သည်များကို အရေးယူ ဆောင်ရွက်သင့်သည်။
- ➔ လိုအပ်သည့်နေရာများတွင် ကျားမ သီးခြား ခွဲထားသင့်သည်။
- ➔ လိင်ပိုင်းဆိုင်ရာ အနိုင်အထက်ပြုမှုများနှင့် စပ်လျဉ်း၍ လိုက်နာရမည့်အချက်များနှင့် မလိုက်နာပါက ချမှတ် မည့် ပြစ်ဒဏ်များအား အစားအစာဖြန့်ဝေသည့် အဖွဲ့များအားလုံးကို အသိပေးထားသင့်သည်။
- ➔ လူထု၏ တောင်းဆိုချက်များအပေါ် မူတည်ကာ မှတ်ပုံတင်စာရင်းသွင်းခြင်း၊ အစားအစာဖြန့်ဝေခြင်းနှင့် ဖြန့်ဝေပြီးချိန်များတွင် စောင့်ကြည့်စစ်ဆေးရန်အတွက် အမျိုးသမီး "စောင့်ရှောက်သူများ" ကို ထားရှိပေးသင့် သည်။
- ➔ ပစ္စည်းဖြန့်ဝေပေးသည့် ဂန်ထမ်းများ နားနေရန်နေရာများ အနီးအနားတွင် ရှိသင့်သည်။
- ➔ အရိပ်ရရန်နှင့် လေဒဏ် ခံနိုင်ရန်အတွက် စိုက်ခင်းများ သို့မဟုတ် သစ်ပင်များ အနီးတွင်ရှိသင့်သည်။
- ➔ တန်းမစီနိုင်သူများအတွက် ကုလားထိုင်များ (သို့မဟုတ်) ခုံတန်းရှည်များ ထားရှိပေးသင့်သည်။
- ➔ ပစ္စည်းများချပြီးသည်နှင့် ချက်ချင်းဖြန့်ဝေပေးမည့်နေရာများတွင် ပစ္စည်းများကို သယ်ဆောင်လာသော ထရပ် ကားကြီးများ ပြန်လည်ထွက်ခွာနိုင်သည့် ထွက်ပေါက်တစ်ခု ရှိသင့်သည်။
- ➔ စခန်းလူထုမှ ပစ္စည်းများလက်ခံယူကာ ပြန်လည်ထွက်ခွာသွားနိုင်သည့် ဂင်ထွက်လမ်းကြောင်းတစ်ခုအတွက် လုံလောက်သော နေရာအကျယ်အဝန်း ရှိသင့်သည်။
- ➔ ပစ္စည်းဖြန့်ဝေသည့်နေရာအား ရှင်းလင်းပြတ်သားသော နယ်နိမိတ်များဖြင့် ပိုင်းခြားသတ်မှတ်၍ ဆိုင်းဘုတ် များ သို့မဟုတ် လမ်းညွှန်ကြိုးများ သုံးကာ စနစ်တကျ တန်းစီသည့်စနစ်များကို ကျင့်သုံးသင့်ပါသည်။
- ➔ သီးခြားလိုအပ်ချက်ရှိသူများ သို့မဟုတ် ထိခိုက်လွယ်ကြောင်း သတ်မှတ်ဖော်ထုတ်ထားသူများနှင့် မြန်မြန် ဆန်ဆန် ဆောင်ရွက်ပေးရန် လိုအပ်သူများကို ဦးစားပေးကာ ကြာမြင့်စွာ တန်းစီရန်မလိုဘဲ ပစ္စည်းများကို အမြန်ဆုံးဖြန့်ဝေပေးသည့် နေရာများကိုလည်း စီစဉ်ထားရှိပေးသင့်ပါသည်။

အထက်ပါ စံသတ်မှတ်ချက်များအား ပစ္စည်းဖြန့်ဝေမှုများအားလုံးတွင် သဟဇာတ မျှတစွာ အသုံးပြုသင့်ပြီး လူအားလုံး ကိုလည်း အသိပေးထားသင့်ပါသည်။ ငွေသားနှင့် ကူပွန်လက်မှတ်များ ဖြန့်ဝေပေးသည့်နေရာများသည် အောက်ပါ အတိုင်း ဖြစ်သင့်ပါသည်။

- ➔ အကွာအဝေး စံသတ်မှတ်ချက် မရှိသော်လည်း ကူပွန်လက်မှတ်ဖြင့် ပစ္စည်းများကို ပြန်လည်လဲလှယ်ပေး သော ဆိုင်များနှင့် ၃ ကီလိုမီတာမှ ၅ ကီလိုမီတာကြားတွင် ရှိသင့်ပါသည်။
- ➔ ငွေသားများစွာ သိမ်းဆည်းမထားရစေရန် ဈေးနေ့မတိုင်မီ ဖြန့်ဝေပေးသင့်သည်။
- ➔ ပါဝင်ပတ်သက်နေသော ဘဏ်များနှင့် ငွေကြေးအကျိုးဆောင်များသည် လူများနေထိုင်ရာအိမ်များ၏ အနီး အနားတွင် ရှိနေရန် ဆောင်ရွက်ပေးသင့်သည်။

စခန်းတွင်း ပစ္စည်းဖြန့်ဝေသည့် နေရာများ

စခန်းတွင်းပစ္စည်းဖြန့်ဝေသည့်နေရာများအား မြေပုံကြီးများရေးဆွဲကာ စခန်းလူထုအားလုံး သိရှိစေပြီး အလွယ်တကူ လက်လှမ်းမီအောင် ဆောင်ရွက်ပေးထားရန် အတွေ့အကြုံရှိသော စခန်းစီမံခန့်ခွဲမှုအေဂျင်စီများမှ အကြံပြုထားပါ သည်။ စခန်းလူထုသည် အစားအစာနှင့် လူသုံးပစ္စည်း အမျိုးမျိုးအား မည်သည့်နေရာများတွင် သွားရောက်ရယူရမည် ကို နားလည်သိရှိအောင် ထိုမြေပုံများက ကူညီနိုင်ပါသည်။

တစ်ခါတစ်ရံတွင် လေးလံသော မိုးကာရန်ပစ္စည်းများကဲ့သို့ အရွယ်ပမာဏကြီးမားသော ပစ္စည်းများကို ဖြန့်ဝေသော အခါ စခန်းတွင်း သို့မဟုတ် စခန်းဝန်းကျင်ရှိ သင့်တော်သောနေရာများကို သတ်မှတ်ဖော်ထုတ်ရန် လိုအပ်ပါလိမ့်မည်။

ပစ္စည်း သိုလှောင်ရာ နေရာများနှင့် ကုန်လှောင်ရုံများအား စီမံခန့်ခွဲခြင်း

အေဂျင်စီတိုင်းတွင် ကိုယ်ပိုင်ကုန်လှောင်ရုံပုံစံများနှင့် လုပ်ထုံးလုပ်နည်းများ ရှိကြပေလိမ့်မည်။ သို့သော် အောက်ဖော်ပြပါ အကြံပြုချက်များသည် ကုန်လှောင်ရုံနှင့် ပစ္စည်းသိုလှောင်မှုအစီအမံများ တိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုနိုင်ပါသည်။

- ➔ ဖြစ်နိုင်လျှင် ဂိုဒေါင်မှူးတစ်ဦးကို ခန့်အပ်ထားပါ။ ထိုသို့ ခန့်အပ်ထားခြင်းဖြင့် ပစ္စည်းဝယ်ယူမှု၊ သယ်ယူ ပို့ဆောင်မှုနှင့် စီမံချက်လုပ်ငန်း တာဝန်ဝတ္တရားများကို သင့်မြတ်လျော်ကန်စွာ ခွဲဝေသတ်မှတ်ပေးနိုင်ပါလိမ့် မည်။ ထိုသို့ အလုပ်ခွဲဝေမှုနှင့်အတူ သိုလှောင်ရုံသော့ ကိုင်ထားသူများနှင့် သိုလှောင်ရုံသို့ ဝင်ထွက်နိုင်သူ အရေအတွက်အား ကန့်သတ်ထားရပါမည်။
- ➔ ယာဉ်ပေါ်တွင် သယ်ဆောင်သွားသော ပစ္စည်းများစာရင်း (way-bills)၊ ကုန်ပစ္စည်းစာရင်း (stock cards) နှင့် သိုလှောင်ခန်းတွင်းရှိ ကုန်ပစ္စည်းများ အခြေအနေကို မှတ်တမ်းတင်သော ကဒ်ပြားများ (bin cards) ကို အခြေခံကာ သိုလှောင်ပစ္စည်းများကို အသေးစိတ်စာရင်းပြုစု၍ စီမံခန့်ခွဲသည့်စနစ်အား ကျင့်သုံးရပါမည်။ ယင်းအား ကွန်ပြူတာစနစ် သို့မဟုတ် စာရွက်စာတမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်။ စီမံအုပ်ချုပ်သူများမှ စာရင်းစစ်မှုများကို ပုံမှန် ပြုလုပ်ရပါမည်။
- ➔ ကုန်ပစ္စည်းများ အတင်အချလုပ်ရန်အတွက် အချိန်တိုအတွင်း ခေါ်ယူအသုံးပြုနိုင်သည့် ဝန်ထမ်းအလုံ အလောက် အဆင်သင့် ရှိနေစေရပါမည်။
- ➔ သိုလှောင်ရုံအတွက် လုံခြုံရေးဝန်ထမ်းများ ငှားရမ်းထားရမည်။ ထိုဝန်ထမ်းများသည် အခြားသော ဝန်ထမ်း များနှင့် သိုလှောင်ပစ္စည်းများအား အွန်လာယ်မကျရောက်စေရန် ကူညီပေးနိုင်ပါသည်။ အေဂျင်စီ၏ ဝန်ထမ်း များကိုယ်တိုင် ခိုးယူမှုနှင့် လိမ်လည်မှုများ သို့မဟုတ် ရှေ့ပြောင်းနေထိုင်သူများကြား ရာဇဝတ်မှုများ ပေါ်ပေါက် လာတတ်သောကြောင့် ချက်ချင်း အရေးယူဆောင်ရွက်သင့်ပါသည်။
- ➔ ကုန်လှောင်ရုံသည် သန့်ရှင်းရန်လိုအပ်ပြီး ဖြစ်နိုင်ပါက သိုလှောင်ပစ္စည်းများကို ကြမ်းပေါ်တွင် မထားဘဲ စင်များ သို့မဟုတ် အခင်းပြားများပေါ်တွင် ထားရပါမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် သန့်ရှင်းမှုနှင့် စနစ်တကျဖြစ်မှု ကို တိုးတက်စေပြီး တာဝန်ခံယူမှုလည်း တိုးတက်လာပါမည်။
- ➔ အစားအစာများသည် ပျက်စီးလွယ်ပြီး အင်းဆက်ပိုးမွှားများနှင့် ကိုက်ဖြတ်တတ်သော သတ္တဝါများကြောင့် အလွယ်တကူ ထိခိုက်နိုင်သည်ကို သိရှိထားရန် လိုအပ်ပါသည်။ အစားအစာများ သိုလှောင်ရာတွင် အစား အစာ မဟုတ်သောပစ္စည်းများကို သိုလှောင်ခြင်းထက် ပမာဏ ပိုမိုများပြားသောကြောင့် ကာကွယ်ပေးနိုင် သော နည်းလမ်းများ ပိုမိုလိုအပ်ပါသည်။ သိုလှောင်ပစ္စည်း အမျိုးအစားအပေါ် မူတည်ကာ ကုန်ပစ္စည်းများကို ဖျက်ဆီးမည့် တိရစ္ဆာန်များအား ထိန်းချုပ်မှုကို မဖြစ်မနေ ဆောင်ရွက်ရပါမည်။ ကြောင်တစ်ကောင် ထားရှိရန် စဉ်းစားကြည့်ပါ။
- ➔ ရှင်းလင်း၍ စနစ်တကျ စီမံထိန်းချုပ်ထားသော ကုန်ပစ္စည်းထုတ်ပေးသည့် စနစ်တစ်ခုအား အသုံးပြုပါ။ ကုန်ပစ္စည်းထုတ်ပေးခွင့် အာဏာရှိသော စီမံအုပ်ချုပ်ရေး ဝန်ထမ်းအရေအတွက်အား ကန့်သတ်ထားသင့် ပါသည်။ ထိုစနစ်မျိုးတွင် တိကျသော အချိန်ကာလသတ်မှတ်ချက်များ ရှိရပါမည်။ သို့မှသာ အစီအစဉ် ဝန်ထမ်းများမှ ကုန်ပစ္စည်းများ သွားရောက်ထုတ်ယူနိုင်ရန် ဂိုဒေါင်မှူးထံ အချိန်မည်မျှ ကြိုတင်အကြောင်း ကြားရမည်ကို နားလည်သိရှိမည်ဖြစ်သည်။
- ➔ သိုလှောင်ရုံနှင့် သိုလှောင်ရုံ ဝန်ထမ်းများအတွက် ဂုဏ်ယူနိုင်သည့် အနေအထားမျိုး ရှိနေပါစေ။ ဖြစ်နိုင်လျှင် ဂိုဒေါင်မှူးအတွက် သော့ခတ်နိုင်သော ရုံးခန်း၊ လျှပ်စစ်မီးနှင့် ရေချိုးခန်းများ ထားရှိပေးပါ။ သင်တန်းများ ပေးရန် အကုန်အကျခံပြီး ကုန်ပစ္စည်းများကို လျှပ်တပြက်စစ်ဆေးမှုများလည်း ပြုလုပ်ရပါမည်။ ကုန်ပစ္စည်း စာရင်းများအား စီမံခန့်ခွဲမှုအတွက် ကြိုးပမ်းအားထုတ်မှုများကို ကူညီပံ့ပိုးပေးခြင်းနှင့် အသိအမှတ်ပြုခြင်းတို့ သည် သိုလှောင်ရုံမှ ကုန်ပစ္စည်းများ ပျောက်ရှခြင်းမရှိအောင် ကာကွယ်ပေးနိုင်ပါလိမ့်မည်။

ဘေးကင်းလုံခြုံမှုနှင့် လူအုပ်စုအား ထိန်းသိမ်းကွပ်ကဲခြင်း

ပစ္စည်းဖြန့်ဝေသည့်နေရာများသည် ကွင်းဆင်းဝန်ထမ်းများနှင့် စခန်းလူထုအတွက် ပရမ်းပတာနှင့် ရှုတ်ရှုတ်သဲသဲ ဖြစ်ကာ အွန်လာယ်ရှိသော နေရာများအဖြစ် အချိန်တိုအတွင်း ပြောင်းလဲသွားနိုင်ပါသည်။ ရုန်းရင်းဆန်ခတ်ဖြစ်မှုများ သို့မဟုတ် ဆန္ဒပြမှုများ ဖြစ်ပေါ်လာသည့် အခြေအနေမျိုးတွင် တစ်ခါတစ်ရံ တစ်ခုတည်းသော ဖြေရှင်းရန်နည်းလမ်းမှာ ဝန်ထမ်းများအား ဘေးကင်းရာသို့

ရွှေ့ပြောင်းပေးကာ ကုန်ပစ္စည်းများကို စွန့်လွှတ်ခဲ့ခြင်းသာ ဖြစ်တတ်ပါသည်။ စနစ်တကျ အစီအစဉ်ရေးဆွဲခြင်းဖြင့် ဤသို့သော အခြေအနေများ မဖြစ်ပွားအောင် ကာကွယ်နိုင်ပါသည်။ အောက်ပါ အချက်များသည် အထောက်အကူ ဖြစ်နိုင်ပါလိမ့်မည်။

- ➔ ဒေသအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် သိရှိထားခြင်း - အထူးသဖြင့် စခန်းပတ်ဝန်းကျင် သို့မဟုတ် စခန်းအတွင်း လူအုပ်စုများအကြား ဖြစ်ပေါ်နေသော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော တင်းမာမှု များဖြစ်ပါသည်။
- ➔ ပြဿနာများ ပေါ်ပေါက်လာပါက ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန်အတွက် လုံခြုံရေးဂန်ထမ်းများ နှင့်/သို့မဟုတ် နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းများအား လေ့ကျင့်သင်တန်းပေးထားကာ အဆင့်သင့်ရှိနေစေရမည်။
- ➔ ဖြန့်ဝေမှုများ မပြုလုပ်မီနှင့် ဖြန့်ဝေမှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေစဉ် အာဏာပိုင်များအား စခန်းနေရာ ချထားပုံ အနေအထားအရ ဖြစ်ပေါ်လာနိုင်ခြေရှိသော ဖြန့်ဝေမှုဆိုင်ရာ အန္တရာယ်များအား ကြိုတင်၍ အသေးစိတ်ရှင်းပြထားခြင်းဖြင့် မည်သည့်အပြောင်းအလဲများ ပြုလုပ်ရန်လိုအပ်ကြောင်း သတ်မှတ်ဖော်ထုတ် နိုင်ရန် အထောက်အကူဖြစ်ပါလိမ့်မည်။
- ➔ နေ့ဘက်အလင်းရောင်ရှိသည့် အချိန်အတွင်း ပစ္စည်းများဖြန့်ဝေခြင်းနှင့် သိုလှောင်ရုံသို့ ပြန်လည်အပ်နှံခြင်း တို့ကို ပြီးစီးအောင် ရည်မှန်းဆောင်ရွက်ရပါမည်။
- ➔ မည်သည့် ကုန်ပစ္စည်းများကို ဖြန့်ဝေမည်ဆိုသည်ကို တတ်နိုင်သမျှစောစီးစွာ အတိအကျ ကြေညာပေးပါ။ နောက်ဆုံးအချိန်တွင်မှ ကပ်၍ ပြောင်းလဲမှုများကြောင့် အထူးသဖြင့် စားသောက်ကုန်အသစ်များ၏ ဈေးကွက်တွင်း ပြန်ရောင်းလျှင် ရရှိမည့်တန်ဖိုး (market resale value) သည် ပိုမို နည်းပါးပါက တင်းမာမှု များ တိုးပွားလာနိုင်ပါသည်။
- ➔ ပစ္စည်းဖြန့်ဝေသည့်နေရာများ၏ လုံခြုံရေးအခြေအနေအား လေ့လာအကဲဖြတ်ရန်နှင့် အကြံပြုချက်များ ရယူရန်အတွက် ကုလသမဂ္ဂ လုံခြုံရေး နှင့်/သို့မဟုတ် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဒေသခံ အာဏာပိုင် များထံ အကူအညီတောင်းခံပါ။

အခြေအနေအများအပြားတွင် ပစ္စည်းဖြန့်ဝေသည့်ကာလများအတွင်း နိုင်ငံအာဏာပိုင်များနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ဒေသအာဏာပိုင်များမှ လုံခြုံရေးကို တာဝန်ယူပေးရပါသည်။ သို့သော် ပဋိပက္ခအခြေအနေအချို့၌ စခန်း လူထု၏အမြင်တွင် ဒေသခံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား ဘက်လိုက်ခြင်း ကင်းလိမ့်မည်ဟု မယူဆ သောအခါ လူအုပ်များကို ထိန်းချုပ်သည့် အခြားအစီအမံများ လိုအပ်ပါလိမ့်မည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် အရေးပေါ်အစီအစဉ်တစ်ခု ရှိရပါမည်။

ပစ္စည်းများ ဖြန့်ဝေစဉ် အရေးပေါ်အခြေအနေများအတွက် အသင့်ပြင်ဆင်ထားရန် လုပ်ငန်းလမ်းညွှန်များ

ပစ္စည်းများဖြန့်ဝေစဉ်တွင် တင်းမာမှုများ မြင့်တက်လာပြီး အကြမ်းဖက်မှုနှင့် အခြားလုံခြုံရေးပြဿနာများ ပေါ်ပေါက် လာနိုင်ပါသည်။ အန္တရာယ်ဖြစ်နိုင်ခြေများကို ကြိုတင်လေ့လာဆန်းစစ်ထားပြီး အနည်းဆုံးဖြစ်အောင်ဆောင်ရွက်ထားရပါမည်။ အစားအစာနှင့် လူသုံးပစ္စည်း ဝန်ဆောင်မှုပေးသူများသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၊ လုံခြုံရေး ဆောင်ရွက်သူများနှင့် တိုင်ပင်ဆွေးနွေးကာ သဘောတူညီချက်များရယူပြီး ရုန်းရင်းဆန်ခတ်မှုများအတွက် အရေးပေါ် အစီအစဉ်နှင့် ဘေးကင်းရာသို့ထွက်ခွာရေး တို့အတွက် လုပ်ငန်းလမ်းညွှန်များ ထားရှိရပါမည်။ ပစ္စည်းဖြန့်ဝေသည့် နေရာတွင် အလုပ်လုပ်သော ဝန်ထမ်းများအားလုံးကို ထိုလုပ်ငန်းလမ်းညွှန်များအား အသိပေးကာ လေ့ကျင့်သင်တန်း ပေးထားပြီး အရေးပေါ်အခြေအနေတစ်ခု ပေါ်ပေါက်လာပါက နေရာမှထွက်ခွာရန် အသင့်ရှိနေအောင် ပြင်ဆင်ပေး ထားရပါမည်။

ထို့ပြင် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည်။

- ➔ ပစ္စည်းဖြန့်ဝေသည့်နေရာများအား မည်သည့်အုပ်စုနှင့်မျှ ဆက်စပ်မှုမရှိသည့် နေရာများတွင် ထားရှိသင့် ပါသည်။
- ➔ ဖြန့်ဝေနေသည့်ပစ္စည်းများ စုပုံထားသည့်နေရာသည် စောင့်ဆိုင်းနေသည့်သူများ တန်းစီနေသည့်နေရာနှင့် အလှမ်းကွာဝေးနေရပါမည်။ ကုန်တင်ကားများ တန်းစီရပ်နားထားခြင်း သို့မဟုတ် ခြံစည်းရိုးများ ခြားထား ရုံဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်သည့်အခါတွင် လူအုပ်ကြီးအား ပစ္စည်းများထံ ရောက်ရှိမလာအောင် တားဆီး ထားနိုင်မည် မဟုတ်ပါ။
- ➔ တံခါးပေါက်များ၊ တန်းစီသည့်နေရာများတွင် တိုးကြိတ်နေရခြင်းများကို ရှောင်ရှားနိုင်ရန် ဂင်ပေါက်တစ်ခု နှင့် ထွက်ပေါက်တစ်ခု သတ်မှတ်ပေးထားရပါမည်။
- ➔ ပစ္စည်းဖြန့်ဝေသည့်နေရာတွင် ဖြန့်ဝေရေးဂန်ထမ်းများသာ အသုံးပြုရန်အတွက် လုံခြုံရေး ထွက်ပေါက်တစ်ခု အား စီစဉ်ထားရှိပါ။
- ➔ ပစ္စည်းများဖြန့်ဝေပေးရာတွင် အချိန်တစ်ချိန်၌ ပစ္စည်းလာရောက်ထုတ်ယူသူ အရေအတွက် အနည်းဆုံး ဖြစ်နေစေရန် စီစဉ်ဆောင်ရွက်သင့်ပါသည်။ ယင်းအား ဖြန့်ဝေမှုကော်မတီများထံ အကူအညီ တောင်းခံခြင်း သို့မဟုတ် ပစ္စည်းများလာရောက်

ထုတ်ယူရမည့်အချိန်ကို ဖော်ပြထားသည့် တိုကင်များ ပေးဝေခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။

- ➔ လာရောက်ကြည့်ရှုသူများနှင့် ပစ္စည်းဖြန့်ဝေခြင်းနှင့် မသက်ဆိုင်သည့်သူများအား အပေါက်ဝနှင့် သင့်တော် သည့် အကွာအဝေးတွင်သာ ရှိနေအောင် ဆောင်ရွက်ပါ။
- ➔ လူအုပ်ကို ထိန်းချုပ်သည့် ဝန်ထမ်းများအား ပစ္စည်းဖြန့်ဝေသည့် နေရာပတ်လည်တွင် နည်းဗျူဟာ စနစ် ကျနစွာ နေရာချပေးထားပါ။
- ➔ လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ချက်ချင်း တာဝန်ယူဆုံးဖြတ်ရန် ဝန်ထမ်းတစ်ဦးအား သတ်မှတ် ပေးထားပြီး အခြားဝန်ထမ်းအားလုံးအား ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်း သိရှိထားစေကာ ထိုသူအား အလွယ်တကူ မြင်တွေ့နိုင်စေရန် စီစဉ်ဆောင်ရွက်ထားရပါမည်။
- ➔ ဖြန့်ဝေရေးကော်မတီအား ပစ္စည်းများကို မဖြန့်ဝေမီ ကြိုတင်ပြသထားခြင်းဖြင့် ဖြန့်ဝေမှုဆိုင်ရာ ဆုံးဖြတ်ချက် များအတွက် အကြံဉာဏ်များ ပေးနိုင်ရန်နှင့် စခန်းလူထုထံမှ ထွက်ပေါ်လာနိုင်သော တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အထောက်အကူ ဖြစ်စေပါသည်။
- ➔ လူတစ်ဦးချင်းစီအား ကုန်ပစ္စည်းများကို ချိန်တွယ်၊ တိုင်းတာ၊ ရေတွက်ပြပါ။
- ➔ ပစ္စည်းလက်ခံရရှိသူများအနေဖြင့် ချိန်ခွင်များ တိကျမှုရှိကြောင်း ကိုယ်တိုင် ချိန်တွယ်သိရှိနိုင်ရန်အတွက် တန်းစီနေသော လူတန်း၏ အဆုံးနားတွင် ချိန်ခွင်များနှင့် စံအလေးတုံးများကို ထားရှိပေးပါ။
- ➔ အရေးပေါ်အခြေအနေတစ်ခုအား အချက်ပြအသိပေးနိုင်သည့် ရေဒီယို၊ ဂီစီကဲ့သို့သော ဆက်သွယ်ရန် ပစ္စည်းများကို ဝန်ထမ်းများအား ပေးထားပါ။
- ➔ လိမ်လည်မှု သို့မဟုတ် ပရမ်းပတာဖြစ်မှုများ ပေါ်ပေါက်လာပါက တရားမျှတစွာ အလျှင်အမြန် ဖြေရှင်း ပေးပါ။
- ➔ ပြစ်မှုကျူးလွန်သူများအား ပစ္စည်းများဖြန့်ဝေသည့် နေရာမှ အမြန်ဆုံးဖယ်ရှားပါ။
- ➔ ငွေသားများအား ပစ္စည်းဖြန့်ဝေသည့် နေရာသို့ ယူဆောင်လာရာတွင် လုံခြုံရေးဝန်ထမ်း နှင့်/သို့မဟုတ် ဒေသခံရဲများ၏ အကူအညီ လိုအပ်ခြင်း ရှိ၊ မရှိ စဉ်းစားပါ။
- ➔ ငွေသားနှင့် လွှဲပြောင်းပေးမှုအစီအစဉ်များတွင် ကူပွန်လက်မှတ်များဖြင့် ပစ္စည်းထုတ်ယူသည့်ဆိုင်များ နှင့် ငွေရေတွက်စက်များရှိပါက ထိုစက်များအနီးတွင် လုံခြုံရေးဝန်ထမ်းများ နေရာချထားပေးနိုင်လျှင် အကောင်း ဆုံးဖြစ်ပါသည်။

☛ စခန်းဘေးကင်းရေးနှင့် လုံခြုံရေးတို့နှင့် စပ်လျဉ်း၍ ထပ်မံသိလိုသည်များ ရှိပါက အခန်း ၁၂ - ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် လုံခြုံရေး - တွင် ကြည့်ပါ။

သီးခြားလိုအပ်ချက်ရှိသူများနှင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသော အုပ်စုများ

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် -

- ➔ သီးခြားလိုအပ်ချက်ရှိသူများနှင့် သွားရေးလာရေးစီစဉ်ပေးရန် လိုအပ်သူများအတွက် အထူးအစီအမံများ ပြုလုပ်ပေးရန် ပစ္စည်းဖြန့်ဝေရေးအေဂျင်စီများ၊ စခန်းကော်မတီများနှင့် အစားအစာပံ့ပိုးပေးသူများကို အားပေး တိုက်တွန်းသင့်ပါသည်။ လေးလံသော သို့မဟုတ် သယ်ယူရန်ခက်ခဲသောပစ္စည်းများကို ဖြန့်ဝေပေးသည့် နေရာမှ နေအိမ်များသို့ ရပ်ရွာလူထု အထောက်အကူပြုအဖွဲ့များ၏ အကူအညီဖြင့် ဖြစ်စေ၊ သင့်လျော်သည့် သယ်ယူပို့ဆောင်ရေး ကူပွန်လက်မှတ်များဖြင့်ဖြစ်စေ လက်တွန်းလှည်းများ၊ မြည်းလှည်းများအသုံးပြုကာ သယ်ယူနိုင်သည်။
- ➔ အရိပ်ရကာ မိုးလုံသော နားနေရန်နေရာများအား အထူးသဖြင့် သက်ရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကောင်းစွာသွားလာလှုပ်ရှားနိုင်မှုမရှိသူများနှင့် နို့တိုက်မိခင်များအတွက် သီးသန့် တည်ဆောက်ပေးထားပါ။
- ➔ သက်ရွယ်ကြီးသူများနှင့် အခြား သီးခြားလိုအပ်ချက်များရှိသူများကို ဦးစားပေးသည့် တန်းစီရန်နေရာများကို စီစဉ်ပေးပါ။

☛ သီးခြားလိုအပ်ချက်များရှိသူများနှင့် စပ်လျဉ်း၍ ထပ်မံသိလိုသည်များ ရှိပါက - အခန်း ၁၁ - သီးခြားလိုအပ် ချက်ရှိသူများအား ကာကွယ်စောင့်ရှောက်ခြင်း - တွင် ကြည့်ပါ။

ကျားမလူမှုကဏ္ဍ ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု (Gender Based Violence - GBV) ကို လျှော့ချခြင်း

စခန်းစီမံအုပ်ချုပ်ရေးအေဂျင်စီသည် ပစ္စည်းဖြန့်ဝေရေးအေဂျင်စီ၊ စားနပ်ရိက္ခာထောက်ပံ့သူတို့နှင့် လက်တွဲကာ ၄င်းတို့၏ ချည်းကပ်ဆောင်ရွက်ပုံနည်းလမ်းများသည် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချနိုင်ကြောင်း သေချာစေရေးကို ဆောင်ရွက်သင့်သည်။ ဤသို့ ဆောင်ရွက်ရာတွင် အောက်ပါ လုပ်ဆောင်ချက်များ ပါဝင်ပါသည်။

- ➔ လေ့လာဆန်းစစ်မှုများ၊ အစီအစဉ်ရေးဆွဲမှုများနှင့် ကုန်ပစ္စည်းများကို အမှန်တကယ်ဖြန့်ဝေမှုများတွင် အမျိုးသမီးများအား ထိရောက်စွာ ပါဝင်ခွင့်ပြုရန် ပစ္စည်းဖြန့်ဝေရေးအေဂျင်စီများကို အားပေးတိုက်တွန်းခြင်း
- ➔ ပစ္စည်းများဖြန့်ဝေသည့်နေရာများနှင့် ကူပွန်လက်မှတ်များ လဲလှယ်ပေးသည့် စျေးဆိုင်များအနီးတွင် အမျိုး သမီးများနှင့် မိန်းကလေးများအတွက် လုံခြုံဘေးကင်းသောနေရာများ ဖန်တီးပေးခြင်းနှင့် စခန်းတွင်းနှင့် စခန်းဝန်းကျင်တွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့်နေရာများအား ဖေါ်ထုတ်သတ်မှတ်ထားခြင်း။ စားနပ်ရိက္ခာများ မလုံလောက်သောအခါ သို့မဟုတ် ရိုးရာဓလေ့အရ အဓိက စားသုံးသော အစားအစာများ မပါရှိသောအခါ လူများသည် ပုံမှန်အားဖြင့် ၄င်းတို့၏ စားနေကျ အစားအစာကို ဖြည့်စွက်စားသုံးနိုင်ရန် ကြိုးစားကြသည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ဖြည့်စွက်စားသုံးရမည့် အစာများ ထွက်ရှာသည့်အခါ အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ နိုင်ပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ရွှေ့ပြောင်းနေထိုင်ရသူများ၏ ရိုးရာဓလေ့များနှင့် ပိုမို ညီညွတ်သော အခြေခံစားသောက်ကုန်များကို ပံ့ပိုးပေးနိုင်ရန်အတွက် စားနပ်ရိက္ခာ အစီအစဉ်များကို ညှိနှိုင်း ပြင်ဆင်ပေးရန် လိုအပ်ပါသည်။
- ➔ ဖြည့်စွက်ထောက်ကူသော အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် GBV အန္တရာယ်များ လျှော့ချနိုင်ရန် ဆောင်ရွက်ခြင်း။ လောင်စာချွေတာသော မီးဖိုများ စတင်အသုံးပြုစေခြင်း။ ရပ်ရွာတွင်း ကင်းလှည့်ခြင်း သို့မဟုတ် အုပ်စုလိုက် ရေခပ်ခြင်း၊ ထင်းကောက်ခြင်းကဲ့သို့ အခြားသော ရပ်ရွာလူထု အခြေပြု လုပ်ဆောင်မှုများကို အားပေးခြင်းဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက် GBV အန္တရာယ် များကို လျှော့ချနိုင်ပါသည်။ လုံခြုံရေးအန္တရာယ်ရှိသည့် နယ်ပယ်များနှင့် GBV ကိစ္စများကို ကိုင်တွယ်ဖြေရှင်းမှု အတွက် အဖွဲ့အစည်းပေါင်းစုံ ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ လိုအပ်ပါသည်။
- ➔ ကူပွန်လက်မှတ်လဲလှယ်ပေးသည့် စျေးဆိုင်များအပါအဝင် ပါဝင်ပတ်သက်သူများအားလုံးကို GBV ကာကွယ် ရေး အခြေခံမူများနှင့် လွှဲပြောင်းညွှန်းပို့မှုလမ်းကြောင်းများအား လေ့ကျင့်သင်တန်းပေးခြင်း

ပစ္စည်းများ ဖြန့်ဝေခြင်းနှင့် လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း

စခန်းအခြေအနေတွင် ကူညီထောက်ပံ့မှုများ ပံ့ပိုးပေးပုံနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် အနိုင် အထက်ပြုခြင်းများအကြား ဆက်စပ်မှုများကို ကွင်းဆင်းစုံစမ်းစစ်ဆေးကာ မှတ်တမ်းတင်ထားမှုများ အများအပြား ရှိပါသည်။ စခန်းလူထုသည် စားနပ်ရိက္ခာနှင့် လူသုံးပစ္စည်းများ ဖြန့်ဝေမှု နှစ်ခုလုံး၌ ၄င်းတို့၏ ခံစားပိုင်ခွင့်များနှင့် မည်သည့်ပစ္စည်းများကို ဖြန့်ဝေပေးနေသည်ကို သိရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အနိုင်အထက်ပြုမှုများမှ ကာကွယ်ပေးရာတွင် အထောက်အကူ ဖြစ်နိုင်ပါသည်။ အထူးသဖြင့် ရွှေ့ပြောင်းနေထိုင်ရသူ အမျိုးသမီးများနှင့် မိန်းကလေးများသည် ကူညီထောက်ပံ့မှုများအား တန်းတူညီမျှ လက်လှမ်းမီ ရချင်မှ ရမည်ဖြစ်ပြီး ၄င်းတို့၏ ခံစားရရှိပိုင်ခွင့်များကိုလည်း သိချင်မှသိပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့သည် အစားအစာ နှင့် လူသုံးပစ္စည်း များ ရရှိရန်အတွက် လိင်နှင့် အလဲအလှယ်ပြုရန် အကျပ်ကိုင်ခံရနိုင်ပါသည်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အနိုင်အထက်ပြုခြင်းတို့မှ ကာကွယ်ပေးရန် (Prevention of Sexual Exploitation and Abuse - PSEA) မှာ လူသားချင်းစာနာထောက်ထားမှုကဏ္ဍအားလုံး၏ တာဝန် ဖြစ်ပါသည်။ ဤတာဝန်ကို ထမ်းဆောင်ရန် တိုက်တွန်းခြင်း၊ စခန်းစီမံအုပ်ချုပ်ရေးဝန်ထမ်းများအား PSEA သင်တန်းများပေးခြင်း၊ ဝန်ထမ်းများအားလုံးအား ကျင့်ဝတ်စည်းမျဉ်းများ ကို သင်တန်းပေးခြင်းနှင့် ဘေးကင်းလုံခြုံ၍ လျှို့ဝှက်ထိန်းသိမ်းပေးသော သတင်းပို့တိုင်ကြားသည့်စနစ်များ ရှိစေခြင်း တို့အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

☛ PSEA နှင့်စပ်လျဉ်း၍ ထပ်မံ သိလိုသည်များ ရှိပါက - အခန်း ၂ - အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ - တွင် ကြည့်ပါ။

စားနပ်ရိက္ခာ ကူညီပံ့ပိုးမှုများ

များသောအားဖြင့် စားနပ်ရိက္ခာခွဲတမ်းများသည် လူတယောက်လျှင် အနည်းဆုံး တစ်ရက်လျှင် ၂၁၀၀ ကီလိုကယ်လိုရီနှုန်း လိုအပ်မှုပေါ်တွင် အခြေခံထားပါသည်။ ဤတွက်ချက်မှုများအရ အရွယ်ရောက်သူ လူကြီးတစ်ဦး အတွက် တနေ့လျှင် ပျမ်းမျှ အစားအစာ ၅၆၀၀ရမ်း လိုအပ်ပါသည်။ ဤလိုအပ်ချက်သည် ငွေသားနှင့် ကူပွန်လက်မှတ်များအတွက် အကျုံးမဝင်ပါ။ အဘယ်ကြောင့် ဆိုသော် စခန်းလူထုသည် ပုံမှန် ဝေငှပေးနေကျထက် ပိုမို အမျိုးအစားစုံလင်သော အစားအစာများကို ဝယ်ယူနိုင်သောကြောင့် ပမာဏမှာ ကွာခြားသွားနိုင်ပါသည်။

ရွှေ့ပြောင်းနေထိုင်ရမှု ရှည်ကြာလာသော အခြေအနေများတွင် ဤကိန်းဂဏန်းအားဒေသ၏ အခြေအနေများနှင့် ကိုက်ညီရန် ညှိနှိုင်းပေးပြီး လူထု၏ အမှန်တကယ် လိုအပ်သော အစာအာဟာရများ၊ ကိုယ်ပိုင်အစားအစာများကို လက်လှမ်းမီရရှိမှုနှင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်မှုတို့ကို ထည့်သွင်းစဉ်းစားပါသည်။ ဗီတာမင် နှင့် သတ္တုဓာတ် လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်စားသင့်ပါသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် တနေ့လျှင် စားနေကျထက် ၃၀၀ ကီလိုကယ်လိုရီ ပိုမိုစားသုံးရမည့်အပြင် အာဟာရမျှတအောင် ချင့်ချိန်စားသောက်ရန် လိုပါသည်။ နို့တိုက်မိခင်များအနေဖြင့် သူမနှင့် သူမ၏ ကလေး ကျန်းမာရေး မထိခိုက်စေရန် စားနေကျထက် ၅၀၀ ကီလိုကယ်လိုရီ ပိုမိုစားသုံးရန် လိုအပ်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နေ့စဉ် အနည်းဆုံးအစားအစာလိုအပ်ချက်များကို သိရှိခြင်းဖြင့် လိုအပ်သော အစားအစာများ ဖြန့်ဝေရာတွင်လည်းကောင်း၊ စားသောက်ကုန်များ မှာယူရာတွင်လည်းကောင်း အထောက်အကူပေးနိုင် ပါလိမ့်မည်။ လိုအပ်သော အခြေခံစားသောက်ကုန်များကို အပြည့်အဝ ပံ့ပိုးပေးမည့်ရင်းမြစ်များ အစဉ်အမြဲ မရှိနိုင် ကြောင်း သို့မဟုတ် အစဉ်အမြဲ ဖြန့်ဝေခြင်း မပြုနိုင်ကြောင်း သတိပြုရန် လိုပါသည်။ ဖြန့်ဝေရမည့် အစားအစာ အမျိုးအမည်များကို စားနပ်ရိက္ခာကဏ္ဍဦးဆောင်အေဂျင်စီနှင့် ဆွေးနွေးကာ သဘောတူညီမှု ရယူရပါမည်။ များသော အားဖြင့် အခြေခံစားသောက်ကုန် အပြည့်အစုံတွင် အောက်ပါတို့ ပါဝင်တတ်ပါသည်။

- ➔ အားဖြည့်ထားသည့် ဂျုံမှုန့်၊ ပြောင်းဖူးမှုန့်၊ bulgur ပြောင်းမှုန့်၊ နံစားပြောင်း သို့မဟုတ် ဆန် (ကောက်နှံ) - ၄၂၀ ဂရမ်/ တစ်ရက်/ လူတစ်ဦး
- ➔ ပဲနီလေး သို့မဟုတ် ပဲ (ပဲတောင့်ရှည်) - ၅၀ ဂရမ်/ တစ်ရက်/လူတစ်ဦး
- ➔ အားဖြည့်စားသုံးဆီ (အဆီ) - ၂၅ ဂရမ်/ တစ်ရက်/လူတစ်ဦး
- ➔ အားဖြည့်ဆား - ၅ ဂရမ်/ တစ်ရက်/ လူတစ်ဦး
- ➔ အားဖြည့်ထားသော ရောကြိတ်ထားသည့် အစားအစာ (ပြောင်းနှင့် ပဲပိစပ်အရော) - ၄၀-၅၀ဂရမ်/ တစ်ရက်/ လူတစ်ဦး

စခန်းတွင်း နေထိုင်သူဦးရေ ၁၀,၀၀၀ အတွက် အောက်ပါအတိုင်း တွက်ချက်ရပါမည်။

- ➔ နေ့စဉ် - ၅.၆ မက်ထရစ်တန်
- ➔ အပတ်စဉ် - ၃၉.၂ မက်ထရစ်တန်
- ➔ လစဉ် (ရက် ၃၀) - ၁၆၈ မက်ထရစ်တန် (မက်ထရစ်တန် တစ်တန်တွင် ၁,၀၀၀ ကီလိုဂရမ် ရှိသည်)

မှီခိုနေရသည့်လူထုအတွက် နေ့စဉ် အစားအစာ ထောက်ပံ့မှုခွဲတမ်း နမူနာများသည် ကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ်၏ အရေးပေါ် လုပ်ငန်းဆောင်ရွက်ရေး အိတ်ဆောင်စာအုပ်မှ ဖြစ်ပါသည်။

အစားအစာ	အမျိုးအစား ၁	အမျိုးအစား ၂	အမျိုးအစား ၃	အမျိုးအစား ၄
ပြောင်းနှံ စားသောက်စရာ/ဆန်စပါး/ ဂျုံ	၄၀၀	၄၂၀	၃၅၀	၄၂၀
ပဲအမျိုးမျိုး	၆၀	၅၀	၁၀၀	၆၀
ဟင်းရွက်ဆီ	၂၅	၂၅	၂၅	၃၀
စည်သွပ်ငါး/အသား	-	၂၀	-	၃၀

အားဖြည့်ထားသော ရောကြိတ်ထားသည့် အစားအစာ	၅၀	၄၀	၅၀	-
သကြား	၁၅	-	၂၀	၂၀
ဆား	၅	၅	၅	၅
စုစုပေါင်း	၅၅၅	၅၆၀	၅၅၀	၅၆၅
အထက်ပါ စားနပ်ရိက္ခာများ၏ အာဟာရတန်ဖိုးများ				
စွမ်းအင် (ကီလိုကယ်လိုရီ)	၂,၁၁၃	၂,၁၀၆	၂,၀၈၇	၂,၀၉၂
အသားဓာတ် (ဂရမ်နှင့် %ကီလိုကယ်လိုရီ)	၅၈ဂရမ်/၁၁%	၆၀ ဂရမ်/၁၁%	၇၂ ဂရမ်/၁၄%	၄၅ ဂရမ်/၉%
အဆီဓာတ် (ဂရမ်နှင့် %)	၄၃ ဂရမ်/၁၈%	၄၇ ဂရမ်/၂၀%	၄၃ ဂရမ်/၁၈%	၃၈ ဂရမ်/၁၆%

ကောက်နှံအား အစေ့အဆန်အဖြစ် ပေးလျှင် ကြိတ်ခွဲခအဖြစ် စခန်းလူထုမှ အစားအစာဖြင့် ပေးချေရန်ခြေ နှင့် ကြိတ်ခွဲစဉ်တွင် ဆုံးရှုံးလေလွင့်မှုများ (၁၀/၁၅%)ကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။ ထို့ကြောင့် စားနပ်ရိက္ခာ ခွဲတမ်းပမာဏကို တိုးပေးထားရန် လိုအပ်နိုင်ပါသည်။ ထို့အပြင် အခြေအနေပေါ် မူတည်၍ အောက်ဖော်ပြပါ စားသုံးကုန်ပစ္စည်းများကို ရွှေ့ပြောင်းနေထိုင်သူများအား ဖြန့်ဝေပေးနိုင်ပါသည် -

- ➔ သကြား
- ➔ ပြောင်းနှင့်ပဲပိစပ်အရောကဲ့သို့ အားဖြည့်ရောစပ်ထားသည့်အစားအစာ
- ➔ စည်သွပ် အသား နှင့်/သို့မဟုတ် ငါး
- ➔ လတ်ဆတ်သည့် အသီးအနှံ နှင့် ဟင်းသီးဟင်းရွက်
- ➔ အနည်းငယ်မျှသာ လိုအပ်သည့် အာဟာရဓါတ်များ (ဗီတာမင်ဓါတ်များ နှင့် သတ္တုဓါတ်များအပါအဝင်)

ဖြန့်ဝေသည့်အခါတွင် ယောက်ချိုကို အသုံးပြုပါက လေလွင့်ဆုံးရှုံးမှုများ ရှိနိုင်ပါသည်။ ဤနည်းလမ်းကို အသုံးပြုသည့် အခါ ဖြန့်ဝေသည့်နေရာများသို့ ပစ္စည်းများကို ပမာဏ လုံလောက်စွာ ယူဆောင်လာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဝန်ဆောင်မှု ပေးသူများနှင့် ဆွေးနွေးညှိနှိုင်းသင့်သည်။

အာဟာရ လိုအပ်ချက်များ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏အခြေခံအာဟာရလိုအပ်ချက်များမှာပရိုတင်းဓါတ်မှ စုစုပေါင်းစွမ်းအင်၏ ၁၀ - ၁၂%၊ အဆီဓာတ်မှ စုစုပေါင်းစွမ်းအင်၏ ၁၇% နှင့် သန့်ရှင်းလတ်ဆတ်၍ အားဖြည့်ထားသော အစားအစာများမှ လုံလောက်သော ဗီတာမင်နှင့် ဓာတ်သတ္တုများ အပါအဝင် လူတစ်ဦးသည် တစ်နေ့တာအတွက် ၂,၁၀၀ ကီလို ကယ်လိုရီ လိုအပ် ပါသည်။

အစားအစာဖြန့်ဝေမှုများအား စောင့်ကြည့်ကြီးကြပ်ခြင်း (Food Basket Monitoring) နှင့် ဖြန့်ဝေပြီး စောင့်ကြည့် ကြီးကြပ်ခြင်း

စားနပ်ရိက္ခာအေဂျင်စီများသည် ဖြန့်ဝေနေသည့်အချိန်တွင် စောင့်ကြည့်ကြီးကြပ်မှုများကို ပြုလုပ်ကြောင်း သေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဆောင်ရွက်သင့်သည်။ ထိုစောင့်ကြည့်ကြီးကြပ်မှုတွင် ဖြန့်ဝေသည့်နေရာရှိ မိသားစု အချို့အား အလျဉ်းသင့်သလို ရွေးချယ်ကာ ၎င်းတို့ရရှိထားသော ရိက္ခာခွဲတမ်းများအား ချိန်တွယ်ကြည့်ပြီး ဖြန့်ဝေ ပေးရန် လျာထားချက်များနှင့် ကိုက်ညီခြင်းရှိ၊မရှိ၊ရိက္ခာကဒ်ပြားပေါ်တွင် ဖော်ပြပါရှိသည့် မိသားစုအရွယ်အစားနှင့် ကိုက်ညီခြင်းရှိ၊ မရှိတိုက်ဆိုင်စစ်ဆေးခြင်းတို့ကို ပြုလုပ်ရပါမည်။

ဖြန့်ဝေမှုတစ်ခု ပြုလုပ်ပြီးလျှင် ဖြန့်ဝေပြီးနောက် စောင့်ကြည့်ကြီးကြပ်ခြင်း (Post Distribution Monitoring – PDM) အား ဝန်ဆောင်မှုပေးသူများမှ ဆောင်ရွက်သင့်ပါသည်။ ယင်းအား အိမ်ထောင်စုအဆင့်တွင် လက်ခံရရှိသည့် သို့မဟုတ် ဝယ်ယူရရှိသည့် အစားအစာ ပမာဏ၊ ထောက်ပံ့ပေးသော အစားအစာများကို အသုံးပြုပုံ၊ လက်ခံနိုင်မှု နှင့် အရည်အသွေးတို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းရန် ရည်ရွယ်ဆောင်ရွက် ခြင်း ဖြစ်ပါသည်။ ထိုစောင့်ကြည့်ကြီးကြပ်မှုသည် အစားအစာနှင့် ဆက်နွယ်သော အခြားသတင်းအချက်အလက် များဖြစ်သည့်စားသုံးမှုဆိုင်ရာ အဆင့်သတ်မှတ်ချက်နှင့်စားသုံး

နေကျ အစားအစာ အမျိုးအစားစုံလင်မှု အတိုင်းအတာ များသာမက ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အချက်အလက်များကို ရရှိရန်လည်း အထောက်အကူ ဖြစ်ပါသည်။ ထိုလုပ်ဆောင်မှုတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ပါဝင်ဆောင်ရွက်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

ပျမ်းမျှအားဖြင့် PDM အား လစဉ် ဖြန့်ဝေမှုလုပ်ငန်းများအပြီး နစ်ပတ်ခန့်အကြာတွင် ဆောင်ရွက်ပါသည်။ PDM တွင် အရည်အသွေးနှင့် တာဝန်ခံယူမှုဆိုင်ရာ အညွှန်းကိန်းအချို့ ပါဝင်သင့်ပါသည်။ အထူးသဖြင့် သတင်းအချက်အလက် လိုအပ်မှုများ၊ ဖြန့်ဝေမှုဆိုင်ရာ တုံ့ပြန်အကြံပြုမှုများ၊ တိုင်ကြားချက်များနှင့် ဖြန့်ဝေမှုလုပ်ငန်း၏ အရည်အသွေး တို့နှင့် သက်ဆိုင်သော အညွှန်းကိန်းများဖြစ်ပါသည်။

စခန်းများရှိ ကျောင်းများတွင် အစာအာဟာရကျွေးမွေးခြင်း

မိဘများက ၄င်းတို့၏ ကလေးများကို ကျောင်းသို့ ပို့စေရန်နှင့် ကလေးများ ကျောင်းတက်စေရန် အားပေးသည့် နည်းလမ်းတစ်ခုအနေနှင့် ကျောင်းများတွင် အာဟာရကျွေးမွေးရေး အစီအစဉ်များကို လိုအပ်ချက်များ၊ ဆက်စပ်စဉ်းစားရမည့် အခြေအနေများနှင့် ဖြစ်နိုင်ခြေပေါ်မူတည်၍ ဆောင်ရွက်ရန် အကြံပြုလေ့ရှိပါသည်။ ကျောင်းများ၏ အာဟာရကျွေးမွေးရေး အစီအစဉ်များသည် မိသားစုများထံ သွယ်ဝိုက်သောနည်းဖြင့် ဝင်ငွေလွှဲပေးခြင်းလည်း ဖြစ်သည့်အတွက် အကောင်းဆုံးလူမှုဖူလုံရေးအစီအစဉ်တစ်ခုလည်း ဖြစ်ပါသည်။ ကျောင်းများအား အစားအစာများကို သိုလှောင်ထားရန်နှင့် ကလေးများကို ကျွေးမွေးရန်အတွက် ပြင်ဆင်ချက်ပြုတ်နိုင်ရန်အတွက် ဖြန့်ဝေပေးပြီးသောအခါ အသုံးပြုသည့် အစားအစာပမာဏများကို အနီးကပ်စောင့်ကြည့်ရန် လိုပါသည်။ ဖြန့်ဝေပေးလိုက်သော အစားအစာများသည် ကျောင်းဝန်ထမ်းများအတွက် အပိုဝင်ငွေရရှိစေမည့် နည်းလမ်းတစ်ခုမဟုတ်ဘဲ ကလေးများကို ကျွေးမွေးရန် အတွက်သာ ဖြစ်ကြောင်းကို ချက်ပြုတ်သူများ၊ ဆရာ၊ ဆရာမများနှင့် အခြား သက်ဆိုင်သည့် ဝန်ထမ်းများ အားလုံး သိရှိထားရန် လိုအပ်ပါသည်။ အစားအစာများ ခိုးယူခြင်း မခံရစေရန်နှင့် ကျွေးမွေးသည့် အစားအစာများ အတွက် ကလေးများထံမှ ငွေကြေးတောင်းခံမှုများ မဖြစ်ပွားစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ စောင့်ကြည့်ကြီးကြပ်ပေးရန် လိုအပ်ပါသည်။

အာဟာရ ဖြည့်စွက်ကျွေးမွေးခြင်းနှင့် အာဟာရချို့တဲ့မှုများအား ကုသပေးသော အစီအစဉ်များ

အာဟာရဖြည့်စွက်ကျွေးမွေးခြင်း (Supplementary Feeding Programme – SFP) များအား ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ (Pregnant and Lactating Women – PLW)၊ HIV ဗိုင်းရပ်စ်ပိုး ထိန်းချုပ်သည့်ဆေးသောက်သုံးနေသူများ သို့မဟုတ် တိုက်ရိုက်ကြည့်ရှုအချိန်တို ကုထုံး (DOTS) ဖြင့် ကုသမှု ခံယူ နေသော တီဘီရောဂါ ဝေဒနာသည်များကဲ့သို့ထိခိုက်လွယ်သော လူအုပ်စုများအားအထူးစီမံထားသော အစာအာဟာရများထောက်ပံ့ကျွေးမွေးပေးခြင်းဖြင့် အာဟာရချို့တဲ့မှုအား ကာကွယ်ရန်နှင့် ကုသရန် ဆောင်ရွက်သင့်ပါ သည်။ ပြင်းထန်သော အာဟာရချို့တဲ့မှုများ တိုးပွားမလာစေရန်အတွက် ကာကွယ်ပေးသည့် အာဟာရ အားလုံး ပါဝင်အောင် ခြုံငုံဖြည့်စွက်ကျွေးမွေးသည့် အစီအစဉ်သည် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ဦးတည် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ အာဟာရချို့တဲ့မှုများအား ကုသပေးသော အစီအစဉ်များ (Therapeutic Feeding Programme – TFP) မှာမူ ပြင်းထန်စွာ အာဟာရချို့တဲ့သူတစ်ဦးချင်းအား ကုသပေးခြင်းဖြင့် သေဆုံးမှုနှုန်း ကို လျော့ချရန် ရည်ရွယ်ဆောင်ရွက်သော အစီအစဉ်များ ဖြစ်ပါသည်။

အစားအစာရှားပါးသောအခြေအနေတွင် အာဟာရ ဖြည့်စွက်ကျွေးမွေးခြင်းနှင့် အာဟာရချို့တဲ့မှုများအား ကုသပေး သော အစီအစဉ်များအား စခန်းလူထု အားလုံးမှ အမြဲတစေ နားလည်သဘောပေါက်ခြင်း မရှိကြပါ။ ကလေးများသည် ဆေးခန်းများတွင် စားစရာ အလုံအလောက်ရရှိပြီးဖြစ်သည့်အတွက် အိမ်တွင် ထပ်ကျွေးရန်မလိုတော့ဟု ယူဆသွား သည့် မိဘများ၏ကလေးများသည် ထိုအစီအစဉ်များကြောင့် အခြေအနေ ပိုဆိုးသွားနိုင်ပါသည်။ စခန်းတွင်း၌ ကြီးမားသော အစာအာဟာရဆိုင်ရာ ပြဿနာများ ပေါ်ပေါက်မလာစေရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အာဟာရ ဖြည့်စွက်ကျွေးမွေးခြင်းနှင့် အာဟာရချို့တဲ့မှုများအား ကုသပေးသော အစီအစဉ်များ၏ရည်ရွယ်ချက်များနှင့် ထိုအစီအစဉ်များမှ ကူညီပံ့ပိုးမှုများအားရယူခွင့်ရှိသော စံသတ်မှတ်ချက်များကို လူအများ ကောင်းမွန်စွာ နားလည် သဘောပေါက်စေရန် ဆောင်ရွက်ရပါမည်။

☛ အာဟာရချို့တဲ့ခြင်းနှင့်စပ်လျဉ်း၍ ထပ်မံသိရှိလိုသည်များ ရှိပါက - အခန်း ၁၆ - ကျန်းမာရေးနှင့် အာဟာရ - တွင် ကြည့်ရှုပါ။

မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးသော နည်းစနစ်များ

မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းသည် အသက် ၆လအောက် ကလေးများအတွက် ကျန်းမာရေးနှင့် အညီညွှတ်ဆုံး နည်းလမ်း ဖြစ်ပါသည်။ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးသည့် ကလေးများသည် နို့မှုန့် သို့မဟုတ် အခြား နို့ထွက်ပစ္စည်းများ၊ ရေ၊ လက်ဖက်ရည်၊ သို့မဟုတ် အခြားဖြည့်စွက်စာများ မလိုအပ်ပါ။ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးသည့်နှုန်း နည်းပါးသည့် နေရာများတွင် စခန်းလူထုသည် နို့မှုန့် သို့မဟုတ် အခြားအစားထိုးအာဟာရမှုန့်များ တောင်းဆိုလာနိုင်ပါသည်။ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးသည့် နည်းစနစ်များကို အားပေးမြှင့်တင်ပံ့ပိုးရန်အတွက် ကျန်းမာရေးနှင့် အာဟာရဝန်ဆောင်မှုပေးသူများနှင့် လက်တွဲလုပ်ဆောင်ရန် အရေးကြီးပါသည်၊

အစားအစာမဟုတ်သည့် လူသုံးပစ္စည်းများ (Non Food Items –NFIs)

အမိုးအကာ ဆောက်လုပ်ရေးပစ္စည်းများ၊ ရေသိုလှောင်ပုံးများ၊ အဝတ်အထည်များ၊ အိပ်ရာလိပ်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသော အမျိုးသမီး လစဉ်သုံးပစ္စည်းများနှင့် အခြား လူသုံးပစ္စည်းများသည် လူတို့၏ လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ဖြစ်သည်။

လူသုံးပစ္စည်း လိုအပ်ချက်များ၊ ကွာဟချက်များ နှင့် လက်လှမ်းမီရရှိမှုများအား သတ်မှတ်ဖော်ထုတ်ခြင်းသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကကျသော တာဝန်များထဲမှ တစ်ခုဖြစ်ပါသည်။ အရင်းအမြစ်များ ရှားပါးပြီး လူအားလုံး၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်သောနေရာများတွင် သီးခြားလိုအပ်ချက်ရှိသူများကို ဦးစားပေး ဖြန့်ဝေပေးရ ပါမည်။

ဝန်ဆောင်မှုအေဂျင်စီအမျိုးမျိုးသည် ဖြန့်ဝေရန်အတွက် များစွာ ကွာခြားမှုမရှိသောပစ္စည်းများကိုသာ ဝယ်ယူကြကြောင်း သေချာစေရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ဆောင်ရွက်ရပါမည်။ လက်ခံရရှိသော ပစ္စည်းများသည် ကွာခြားနေ သည်ဟု ယူဆကြပါက ဖြန့်ဝေရေးလုပ်ငန်းခွင်များတွင် အခက်အခဲများ ဖြစ်လာနိုင်ပါသည်။

တစ်ခါတစ်ရံ လူသုံးပစ္စည်းများအား ပြန်လည်ထွက်ခွာသွားမည့်သူများအား ပေးဝေသည့် ပစ္စည်းပုံးများတွင် ထည့်သွင်းဖြန့်ဝေပေးတတ်ပါသည်။ ရေရှည်တည်တံ့ပြီး ဘေးကင်းလုံခြုံမှုရှိသည့် နေရပ်ပြန်ခြင်း လုပ်ငန်းစဉ်အတွက်သာ ထိုသို့ ဖြန့်ဝေပေးသင့်ပြီး ပစ္စည်းပုံးများ လက်ခံရရှိပြီးသည့် အိမ်ထောင်စုများ စခန်းတွင်း ဆက်လက်ရှိမနေကြောင်း သေချာ စေရန်အတွက် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ချိန်မှသာ ပစ္စည်းများအား လက်ခံရယူနိုင်အောင် စီစဉ်ဆောင်ရွက်ထား ရပါမည်။

အဝတ်အထည်နှင့် အိပ်ရာလိပ်များ

Sphere လက်စွဲစာအုပ်တွင် အောက်ပါအတိုင်း အကြံပြုထားပါသည် -

- စခန်းတွင်နေထိုင်သူတိုင်းအတွက် မိမိ၏ ခန္ဓာကိုယ်အရွယ်အစားနှင့် ကိုက်ညီသော အဝတ်အစားနှစ်စုံ ပေးထားသင့်သည်။ စခန်းတွင် နေထိုင်သူတိုင်း အပူအအေးမျှတမှု၊ ဂုဏ်သိက္ခာ၊ ကျန်းမာရေးနှင့် သက် တောင့်သက်သာ နေထိုင်နိုင်ရန်အတွက် အိပ်ရာလိပ်၊ မွေ့ရာ/ဖျာ နှင့် ဆေးစိမ်ခြင်းထောင်များ ရရှိအသုံးပြုနိုင်ပြီး သီးခြားစီ အိပ်နိုင်ရန်လည်း လိုအပ်သလို စီစဉ်ပေးထား ရပါမည်။
- မွေးကင်းစကလေးများနှင့် ၂နှစ်အရွယ်အထိ ကလေးများတွင် အရည်အသွေးသင့်တင့်ပြီး အပူအအေးဒါဏ် ခံနိုင်သော စောင်တစ်ထည်ရှိရမည်။
- လိုအပ်ပါက သေဆုံးသူအား လွှမ်းခြုံရန် ပိတ်စအား ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ကိုက်ညီမှုရှိစွာ ပံ့ပိုးပေးရ ပါမည်။

အွန်လာယ်ကျရောက်နိုင်ခြေရှိသူများအတွက် အဝတ်အစား နှင့် အိပ်ရာလိပ်များ ထပ်ဆောင်းပေးခြင်း

အွန်လာယ်ကျရောက်နိုင်ခြေ အရှိဆုံးသူများအတွက် အဝတ်အစားနှင့် အိပ်ရာလိပ်များအား အပိုထပ်ဆောင်း ပေးသင့်ပြီး ၎င်းတို့အတွက် ဦးစားပေးဆောင်ရွက်မှုရှိကြောင်း သေချာစေသင့်သည်။ ထိုသူများထဲတွင် နာမကျန်းသူနှင့် သက်ရွယ်ကြီးသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များနှင့် ကောင်းစွာ လှုပ်ရှားသွားလာနိုင်မှု မရှိသူများ ပါဝင်သည်။

ဌက်ဖျား

ဌက်ဖျားအွန်လာရယ်ရှိသော နေရာများတွင် အိမ်ထောင်စုတိုင်းအတွက် ဆေးစိမ်ခြင်ထောင်များ ပံ့ပိုးပေးသင့်ပါသည်။

ဆောက်လုပ်ရေးနှင့် အမိုးအကာများအတွက် လူသုံးပစ္စည်းများ

ဆောက်လုပ်ရေးနှင့် အမိုးအကာများအတွက် လူသုံးပစ္စည်းများတွင် အောက်ပါတို့ ပါဝင်သည် -

- ပလပ်စတစ်စများ (တာပေါ်လင်များ)၊ အများဆုံးဖြန့်ဝေပေးလေ့ရှိသော အမိုးအကာပစ္စည်းများအနက် တစ်ခု ဖြစ်ပြီး အရည်အသွေးပေါ်မူတည်ကာ နှစ်နှစ်ကြာသည်အထိ အသုံးခံပါသည်။
- ရွက်ဖျင်တဲများ
- ပူအိုက်သည့် ရာသီဥတုများတွင် တစ်ခါတစ်ရံ အသုံးပြုလေ့ရှိသည့် နေရောင်ကာများ
- သစ်သားတိုင်များနှင့် သံများကဲ့သို့ ဆောက်လုပ်ရေးပစ္စည်းများ
- ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် ကိရိယာတန်ဆာပလာများ ပံ့ပိုးမှု

လူများ၊ အထူးသဖြင့် ထိခိုက်ခံစားလွယ်သူများသည် ရွက်ဖျင်တဲများ၊ တာပေါ်လင်များနှင့် ဆောက်လုပ်ရေးပစ္စည်းများကို သယ်ယူအသုံးပြုနိုင်ရန်အတွက် ကူညီပံ့ပိုးမှုများလိုအပ်ပါလိမ့်မည်။ ထိုပစ္စည်းများအား မည်သို့အသုံးပြုကာ ထိန်းသိမ်းရမည်ဆိုသည်ကိုသိရှိရန် ကူညီပံ့ပိုးမှုများ ထပ်မံလိုအပ်မည်ဖြစ်ပြီး ဆောက်လုပ်မှုတိုင်းသည်လည်း ရေးဆွဲထားသော စခန်းအစီအစဉ်နှင့် ကိုက်ညီမှုရှိရပါမည်။

နေဒဏ်ခံရပြီး အသုံးပြုပါများလာသောအခါ ပစ္စည်းများမှာ ယိုယွင်းလာတတ်သည့်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည်အမိုးအကာများ၏အရည်အသွေးကိုစောင့်ကြည့်စစ်ဆေးရပါမည်။ ဆန်းစစ်အကဲဖြတ်ခြင်းများကို မိုးရာသီနှင့်ဆောင်းရာသီ မတိုင်မီ လများတွင် ဆောင်ရွက်သင့်ပါသည်။ လိုအပ်ပါက ပျက်စီးနေသောပစ္စည်းများကို အစားထိုး လဲလှယ်ပေးရပါမည်။

☛ နေထိုင်စရာများနှင့် စပ်လျဉ်း၍ ထပ်မံသိလိုသည်များ ရှိပါက - အခန်း ၁၅ - နေထိုင်စရာ - တွင် ကြည့်ပါ။

တစ်ကိုယ်ရေ သန့်ရှင်းရေး

ပျမ်းမျှအားဖြင့် လူတစ်ယောက်သည် တစ်လလျှင် တစ်ကြိမ် အောက်ပါပစ္စည်းများကို ရရှိရပါမည်။

- ရေချိုးဆပ်ပြာ ၂၅၀ ဂရမ်
- အဝတ်လျှော်ဆပ်ပြာ ၂၀၀ ဂရမ်
- အမျိုးသမီးနှင့် မိန်းကလေးများအတွက် ထုံးတမ်းစဉ်လာအရ အသုံးပြုနေကျ လစဉ်သုံးပစ္စည်းများ
- ကလေးငယ်များနှင့် အသက်နှစ်နှစ်ထိ ကလေးများအတွက် (အသုံးပြုနေကျနေရာများတွင်) ပြန်လည် လျှော်ဖွပ်သုံးနိုင်သည့် အနီး/ ကလေး ခါးတောင်းကျိုက် ၁၂ ထည်

ရိုးရာဓလေ့ထုံးစံများနှင့် ပစ္စည်းရရှိနိုင်မှု အခြေအနေအပေါ် မူတည်ကာ အခြားပစ္စည်းများကိုလည်း ထပ်ဆောင်းဖြန့်ဝေပေးနိုင်ပါသည်။

အလျဉ်းသင့်သလို လာရောက် လျှုဒါန်းမှုများ

တစ်ခါတစ်ရံ စေတနာရှင်အဖွဲ့များ သို့မဟုတ် အလှူရှင်များသည် စခန်းလူထုအတွက် အဝတ်အထည်၊ အစားအစာ သို့မဟုတ် ငွေသားများကိုပင် လာရောက်လှုဒါန်းတတ်ကြပါသည်။ ဤသို့လှုဒါန်းခြင်းသည် ကြီးမားသော စိန်ခေါ်မှု များကို ဖြစ်စေနိုင်သည်။ အထူးသဖြင့် လူစေ့ ပေးဝေရန် မလုံလောက်သည့်အခါ သို့မဟုတ် ပစ္စည်းများစံချိန်မမီသည့် အခါများတွင် ဖြစ်ပါသည်။ သီးခြားလိုအပ်ချက်ရှိသောသူများ သို့မဟုတ် အုပ်စုများကို ဦးစားပေးရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ရှင်းလင်းတင်ပြ တိုက်တွန်းဆွေးနွေးသင့်သည်။ အကောင်းဆုံးကျင့်ထုံးတစ်ခုအနေဖြင့် ထိုဖြန့်ဝေမှုများတွင် လူထုကိုယ်စားလှယ်များအား စခန်းတွင်းရှိ အခြားလုပ်ဆောင်သူများအားလုံးနှင့် ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီမှလည်း အားပေးကူညီသင့်သည်။ ကောင်းစွာ စီစဉ်ဆောင်ရွက်နိုင်ခြင်းမရှိပါက အလျဉ်းသင့် သလို လာရောက် လှုဒါန်းမှုများသည် တင်းမာမှုများကို ဖြစ်ပေါ်စေပြီး လူထုတွင်း ဆက်ဆံရေးများကို ပျက်ပြားစေနိုင်သည်။

သီးခြားလိုအပ်ချက်များ

ဆီးဝမ်းမထိန်းနိုင်သူများ သို့မဟုတ် ဝမ်းပျက်ဝမ်းလျှောရောဂါ ပြင်းပြင်းထန်ထန် ခံစားနေရသူများကဲ့သို့ သီးခြားလိုအပ်ချက်ရှိသူအချို့အတွက် ဆပ်ပြာကဲ့သို့ တစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်းများ ပိုမို လိုအပ်ကောင်း လိုအပ်နိုင်ပါ သည်။

စားသောက်ရန်နှင့် ချက်ပြုတ်ရန် အသုံးအဆောင်ပစ္စည်းများ

စခန်းတွင်းရှိ အိမ်ထောင်စုတိုင်းအတွက် အောက်ပါပစ္စည်းများကို ဖြန့်ဝေပေးရပါမည်။

- ချက်ပြုတ်ရန်နှင့် စားသောက်ရန် အိုးခွက်ပန်းကန်များ ပါဝင်သော မီးဖိုချောင်သုံးပစ္စည်းတစ်စုံ၊ ပလပ်စတစ် ပစ္စည်းအားလုံးသည် အစားအစာထည့်ရန် သင့်တော်သည့် ပလတ်စတစ်မျိုး ဖြစ်ရမည် ဖြစ်ပြီး သတ္တုပစ္စည်း အားလုံးသည် သံချေးမတက်နိုင်သည့် သံမဏိ သို့မဟုတ် အခြားသော သံထည်မဟုတ်သည့် သတ္တု ဖြစ်ရ ပါမည်။
- သယ်ယူပို့ဆောင်ရန်နှင့် သိုလှောင်ရန်အတွက် ၁၀-၂၀ လီတာဆန်၊ ရေပုံးနှစ်ပုံး၊ ရေခပ်ရန် အသုံးပြုသည့် ပုံးများသည် အဖုံးပါရှိပြီး ကလေးများပင် အလွယ်တကူ သယ်ယူနိုင်၍ ပိုးမွှားများ မကပ်ညိုနိုင်ရန်နှင့် ထိုသို့ ကပ်ညိုခြင်းကြောင့် ရေမှတစ်ဆင့် ကူးစက်ပျံ့နှံ့သောရောဂါများမှ ကင်းဝေးစေရန်အတွက် အလွယ်တကူ ဆေးကြောသန့်စင်နိုင်သော ပုံးများ ဖြစ်ရပါမည်။

ချက်ပြုတ်စားသောက်သည့် အိုးခွက်ပန်းကန်များအား ဖြန့်ဝေရာတွင် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် သက်ဆိုင်သော အချက်အလက်များကို ဦးစွာသိရှိရန် လိုအပ်ပြီး မိသားစုဝင်ဦးရေ၊ ပစ္စည်းများ တာရှည်ခံမှုနှင့် ရရှိနိုင်မှုတို့အပေါ် မူတည်၍ ဆောင်ရွက်ရမည်ဖြစ်သည်။

☛ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး တို့နှင့်စပ်လျဉ်း၍ ထပ်မံသိရှိလိုပါက - အခန်း ၁၄ - ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး - တွင် ကြည့်ပါ။

မီးဖိုများနှင့် လောင်စာ

SAFE (Stove and Fuel - မီးဖိုများနှင့် လောင်စာများ) အတွက် အသုံးပြုရန်နည်းလမ်း အထောက်အကူများ

၂၀၀၇ ခုနှစ်တွင် အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်းကော်မတီ (IASC) ၏ SAFE အထူးလုပ်ငန်းအဖွဲ့အား တည်ထောင် ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ "သင့်လျော်သော စွမ်းအင်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ လက်လှမ်းမီမှုကို မြှင့်တင် အားပေးပြီး သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျော့ချကာ တစ်ချိန်တည်းတွင် တာဝန်ခံယူမှု ရှိကြောင်း သေချာစေသည့် နည်းလမ်းများမှတစ်ဆင့် အကြမ်းဖက်မှုနှင့် ထိတွေ့နိုင်ခြေအား လျော့ချရန်၊ ကမ္ဘာတစ်ဝှမ်းရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်သည့်အခြေအနေတွင် ထင်းရှာနေရသောသူများကို ကာကွယ် စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ ဝန်ထုပ်ဝန်ပိုးကို သက်သာစေရန်အလို့ငှာ" တည်ထောင်ခြင်း ဖြစ်ပါသည်။

အခန်းကဏ္ဍနှင့်တာဝန်များ ဇယားကွက်နှင့် ဆုံးဖြတ်ချက်ချမှတ်မှု သစ်ပင်ကဲ့သို့သော နည်းလမ်းများအား ဤအခန်း၏ အသုံးပြုရန် နည်းလမ်းအထောက်အကူများ အပိုင်းတွင် တွေ့ရှိနိုင်ပါသည်။

မီးဖိုနှင့် လောင်စာများ ဖြန့်ဝေရန် အစီအစဉ်ရေးဆွဲသောအခါ တာဝန်ရှိသောအေဂျင်စီနှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ တို့သည် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရပါမည်။

- ချက်ပြုတ်ရေးအတွက် ဝန်ဆောင်ပစ္စည်းများ၊ နည်းပညာများနှင့် ထင်း၊ မီးသွေး၊ ဓါတ်ငွေ့ (ဂက်စ်) သို့မဟုတ် ရေနံဆီ ကဲ့သို့သော လောင်စာများ ရရှိနိုင်မှုနှင့် ရွေးချယ်စရာများ
- ဘေးဒဏ်ခံလူထုကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း တို့အား အထောက်အကူပြုသည့် လောင်စာချွေတာရေး နည်းဗျူဟာများ
- အိမ်ထောင်စုတစ်စုချင်းစီတွင် မည်သူက အစားအစာ ပြင်ဆင်ချက်ပြုတ်မည်၊ ဒေသ၏ ချက်ပြုတ်သည့် ဓလေ့၊ ရိုးရာချက်ပြုတ်နည်းများနှင့် ပတ်သက်သော အချက်အလက်များ

- ချက်ပြုတ်ရန်၊ အနွေးဓာတ်ရရန် နှင့်/သို့မဟုတ် မီးထွန်းရန်အတွက် မီးဖိုနှင့်လောင်စာများ လို၊ မလို
- အိမ်အတွင်းတွင် ချက်ပြုတ်ပါက လေဝင်လေထွက် ကောင်း၊ မကောင်း
- မီးလောင်ကျွမ်းမှု ဖြစ်နိုင်သည့်အန္တရာယ် လျှော့ချရန်နှင့် မီးခိုးနှင့် အိမ်တွင်း လေထုညစ်ညမ်းမှုဒဏ် ခံရခြင်း သက်သာစေရန်အတွက် သင့်လျော်သော နည်းပညာများ

အစားအစာ ဂန်ဆောင်မှုပေးသူသည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည်ဟု အကြံပြုထားပါသည်။

- ချက်ပြုတ်ချိန် သက်သာစေရန်အတွက် အခွံနှာ အခြောက်ခံကာ ခြမ်းထားသည့် ပဲများနှင့် ပဲနီလေး ကဲ့သို့သော အစားအစာများကို ပံ့ပိုးပေးသင့်ပါသည်။
- ဖြန့်ဝေပေးနိုင်သော လောင်စာ အကန့်အသတ်ရှိသည့်အခါ ချက်ပြုတ်ရန် လွယ်ကူသော ရိက္ခာများနှင့် လောင်စာ မရနိုင်သည့်အခါ ရိက္ခာခြောက်များကို ပေးသင့်ပါသည်။ ကြိတ်ခွဲထားသည့် ကောက်နှံ၊ လှော်ထား သည့် ပြောင်းနှင့် ပဲပိစပ် အရော (CSB) သို့မဟုတ် ဘီစကစ်များ ဖြစ်နိုင်ပါသည်။
- ထင်များကို အခြောက်ခံ၍ အတုံးသေးသေးလေးများ ဖြစ်အောင် ခွဲထားခြင်းကဲ့သို့ လောင်စာချွေတာရေး နည်းစနစ်များနှင့် ချက်ပြုတ်ချိန် သက်သာစေရန် ပဲများအား တစ်ညသိပ်ရေစိမ်ခြင်း ကဲ့သို့သော အစားအစာ ချက်ပြုတ်ပြင်ဆင်နည်းများကို အသိပညာပေးသင့်ပါသည်။
- အိမ်ထောင်စုများ နှင့်/သို့မဟုတ် ကျောင်းများအား လောင်စာသက်သာသော မီးဖိုများ အသုံးပြုရန် အားပေး ကာ ဖြန့်ဝေပေးသင့်ပါသည်။

လောင်စာများအား ဘေးကင်းစွာ ရယူအသုံးပြုနိုင်မှု

စခန်းလူထုသည် လိုအပ်သည့် လောင်စာကို အပြည့်အဝ မရရှိသည့်အခါ ၎င်းတို့အတွက် ဆိုးကျိုးများ ဖြစ်ပေါ်လာ နိုင်သော နည်းလမ်းများဖြင့် ဖြေရှင်းရန် ကြိုးစားလာနိုင်ပါသည်။ ထိုနည်းလမ်းများတွင် စခန်းအတွင်း သို့မဟုတ် စခန်းအနီးပတ်ဝန်းကျင်ရှိ လုံခြုံမှုမရှိသော နေရာများတွင် ထင်းရှာထွက်ခြင်း၊ ရိက္ခာများ သို့မဟုတ် အခြား ပိုင်ဆိုင်သည့်ပစ္စည်းများနှင့် လဲလှယ်ခြင်း သို့မဟုတ် ရောင်းချခြင်း၊ ထမင်း ဟင်းများကို ကောင်းစွာ မချက်ပြုတ်ခြင်း သို့မဟုတ် မစားဘဲနေခြင်းနှင့် လောင်စာရရန်အတွက် လိင် နှင့် အလဲအလှယ်လုပ်ခြင်းမျိုးများ ပါဝင်နိုင်သည်။ လောင်စာများအား ဘေးကင်းစွာ လက်လှမ်းမီ ရယူအသုံးပြုနိုင်စေခြင်းနှင့် လောင်စာချွေတာနိုင်သော နည်းလမ်းများကို မိတ်ဆက်ပေးခြင်းတို့သည် အထက်ပါနည်းလမ်းများ အသုံးပြုခြင်းနှင့် အန္တရာယ်များကို ဖိတ်ခေါ်သည့် အပြုအမူများ၊ GBV အပါအဝင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အရေးကိစ္စများအား လျှော့နည်းသွားစေရန် အထောက်အကူ ဖြစ်စေ ပါလိမ့်မည်။

လောင်စာများအား အလှမ်းဝေးကွာသော နေရာများမှ သယ်ယူဖြန့်ဝေပေးခြင်းထက် ဒေသတွင်းရရှိနိုင်သည့် လောင်စာကို အသုံးပြုနိုင်လျှင် ပိုကောင်းပါသည်။ သို့စေကာမူ သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေရန်နှင့် စခန်းအနီး ဂန်းကျင်မှ ရပ်ရွာလူထုများနှင့် ဆက်ဆံရေးမပျက်ပြားစေရန်အတွက် ဒေသတွင်းရှိ အရင်းအမြစ်များကို ကုန်ခန်းသွား သည်အထိ လျှော့ပါးမသွားစေရန် သတိပြုရပါမည်။

- စွမ်းအင်ချွေတာသည့် နည်းလမ်းများနှင့် စခန်းတစ်ခု၏ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် နှင့် စပ်လျဉ်း၍ ထပ်မံသိလိုသည်များ ရှိပါက - အခန်း ၆ - သဘာဝပတ်ဝန်းကျင် - တွင် ကြည့်ပါ။

ကျောင်းသုံးပစ္စည်းများ

စခန်းရှိ ကျောင်းများနှင့် ကျောင်းသားများအတွက် ကျောင်းသုံးပစ္စည်းများဖြန့်ဝေရာတွင် အများအားဖြင့် အောက်ပါတို့ ပါဝင်ပါသည်။

- မှတ်စုစာအုပ်များ
- ခဲတံများ

- ဆေးရောင်စုံချယ် ဖယောင်းခဲများ
- ပေတံများ
- ခဲတံချွန်စက်များ
- ကျောင်းသွားကျောင်းပြန် စာအုပ်သယ်ရန် ကျောပိုးအိတ်နှင့် လွယ်အိတ်များ

☛ School in a Box အပါအဝင် ကျောင်းသုံးပစ္စည်းကရိယာများနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက - အခန်း ၁၇ - ပညာရေး - တွင် ကြည့်ပါ။

ဥယျာဉ်စိုက်ပျိုးရေး ပစ္စည်းကိရိယာများ

ဒေသအလိုက် ဥယျာဉ်စိုက်ပျိုးသည့် အလေ့အထများအပေါ် မူတည်၍ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်အတွက် ကိရိယာတန်ဆာပလာများ ဖြန့်ဝေသည့်အခါ အောက်ပါတို့ ပါဝင်လေ့ရှိပါသည်။

- မျိုးစေ့များ
- ဂေါ်ပြားများ
- တောခုတ်ဓားများ
- ထွန်ခြစ်များ
- ရေလောင်းသည့်ပုံးများ
- ရေပုံးများ

ဥယျာဉ်စိုက်ပျိုးသည့် ကိရိယာတန်ဆာပလာများကို အသက်မွေးမှုလုပ်ငန်းများအား ပံ့ပိုးရန်အတွက်လည်း သင့်တော်သလို စီစဉ်ပေးနိုင်ပါသည်။

ပစ္စည်းများ ဖြန့်ဝေပြီးနောက် စောင့်ကြည့်ကြီးကြပ်ခြင်း

ပစ္စည်းများ ဖြန့်ဝေပြီးနောက် စောင့်ကြည့်ကြီးကြပ်ရာတွင် ဖြန့်ဝေထားသည့်ပစ္စည်းများကို မည်သည့် အတိုင်းအတာအထိ ရောင်းချကြသည် သို့မဟုတ်လဲလှယ်ကြသည်ကို စိစစ်ရန် အရေးကြီးပါသည်၊ ဤလုပ်ဆောင်ချက်ကြောင့် ဖြန့်ဝေမှုစနစ်၏မှားယွင်းမှုသို့မဟုတ် ဖြန့်ဝေမပေးရသေးသည့် အမှန်တကယ်လိုအပ်သောပစ္စည်းများကို ရရှိရန် ဖြေရှင်းသည့်နည်းလမ်းများကိုသိရှိနိုင်ပါသည်။ လူဦးရေဆိုင်ရာ ကိန်းဂဏန်းများ မှားယွင်းနေမှု၊ မဆီလျော်သည့် ပစ္စည်းများပေးဝေထားမှုနှင့် ငွေကြေးလိုအပ်ချက်များကိုလည်း သိရှိစေနိုင်ပါသည်။ ဤစောင့်ကြည့်ကြီးကြပ်မှုအား အိမ်ထောင်စုအဆင့် သို့မဟုတ် ဈေးများတွင် လုပ်ဆောင်နိုင်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် စစ်ဆေးရန် လုပ်ငန်းစာရင်း

ပစ္စည်းများ ဖြန့်ဝေခြင်းဆိုင်ရာ ယေဘုယျကိစ္စရပ်များနှင့် အခြေခံမူများ

- ဘေးဒဏ်ခံလူထုများနှင့် တိုင်ပင်ဆွေးနွေးကာ အခြေအနေနှင့် အကိုက်ညီဆုံး လွှဲပြောင်းမှုပုံစံများကို ရွေးချယ် ဆုံးဖြတ်ခြင်း
- သင့်လျော်သည့် ကျားမ ကိုယ်စားပြု ပါဝင်မှုနှင့် ဘာသာရေး၊ မသန်စွမ်းသူများနှင့် အသက်အရွယ် စသည့် ကွဲပြား ခြားနားသည့် လူအုပ်စုအမျိုးမျိုး၏ ဂိုဏသလက္ခဏာများကို ထည့်သွင်းစဉ်းစားကာ အစားအစာ ဖြန့်ဝေရေး ကော်မတီများအပါအဝင် လိုအပ်သည့် အစားအစာဖြန့်ဝေမှု လုပ်ငန်းအစီအမံများကို တည်ထောင်ထားခြင်း
- စခန်းလူထုနှင့် သက်ဆိုင်သော ကိန်းဂဏန်းများကို သိရှိထားပြီး အုပ်စုတစ်စုကို ဦးတည်ဖြန့်ဝေခြင်းဖြစ်စေ၊ စခန်းတွင်းရှိသူအားလုံးကို ဖြန့်ဝေခြင်းဖြစ်စေ ဖြန့်ဝေပေးမည့် အုပ်စုတစ်စုလုံးအတွက် လုံလောက်သည့် ပစ္စည်းပမာဏ ကို ရရှိအောင် ဆောင်ရွက်ခြင်း
- ဖြန့်ဝေမည့်ပစ္စည်း၊ အရေအတွက်၊ ဦးတည်သည့်အုပ်စုနှင့် လုပ်ထုံးလုပ်နည်းများကဲ့သို့ ဖြန့်ဝေမှုနှင့် သက်ဆိုင်သော အချက်အလက်များကို သက်ဆိုင်သူ လူထုမှ သိရှိစေရန် ဖြန့်ဝေပေးကြောင်း သေချာစေခြင်း

- သီးခြားလိုအပ်ချက်ရှိသော လူအုပ်စုများအား လေ့လာဆန်းစစ်နိုင်သည့်၊ ထိုအုပ်စုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အရင်းအမြစ်များကို ရရှိနိုင်အောင် ဆောင်ရွက်နိုင်သည့် အစီအစဉ်များ ချမှတ်ထားရှိပြီး ဖြစ်ခြင်း
- ပစ္စည်းဖြန့်ဝေမှုများ အဆင်ပြေချောမွေ့စေရန်အတွက် လူအုပ်ကို ထိန်းသိမ်းခြင်းနှင့် ကုန်ပစ္စည်းများ လုံခြုံရေး ဆောင်ရွက်ခြင်းကဲ့သို့သော လုံခြုံရေးအစီအမံများ ချမှတ်ထားရှိပြီးဖြစ်ခြင်း
- အစားအစာများ၊ လူသုံးပစ္စည်းများ၊ ငွေသားနှင့် ကူပွန်လက်မှတ်များ ဖြန့်ဝေချိန်တွင် ဖြန့်ဝေသည့်နေရာမှာပင် စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်ကြီးကြပ်ခြင်းကဲ့သို့သော လိုအပ်သည့် စောင့်ကြည့် ကြီးကြပ်မှု အစီအမံများ ထားရှိပြီးဖြစ်ခြင်း
- တိုင်ကြားမှု အစီအမံများ ထားရှိပြီးဖြစ်ခြင်း

ပစ္စည်းများ ဖြန့်ဝေရန် ပြင်ဆင်စဉ်နှင့် ဖြန့်ဝေနေစဉ်ကာလအတွက် ထည့်သွင်းစဉ်းစားထားရမည့် သီးခြား ကိစ္စရပ်များ ပစ္စည်းဖြန့်ဝေမည့် နေရာကို စီစဉ်ခြင်း

- လူများ အစီအစဉ်တကျ တန်းစီစောင့်ဆိုင်းနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း
- အစားအစာနှင့် လူသုံးပစ္စည်းများအား စနစ်တကျကိုင်တွယ်ပြီး အစားအစာများ ဖိတ်မကျအောင် ဂရုစိုက်ခြင်း
- ပစ္စည်းဖြန့်ဝေသည့်နေရာတွင် နေ၊ မိုး နှင့် လေဒဏ်များကို ကာကွယ်နိုင်သည့် အမိုးအကာများ တပ်ဆင် ပေးထားခြင်း
- ပစ္စည်းဖြန့်ဝေသည့်နေရာကို သန့်ရှင်းစွာ ထားရှိခြင်း
- ပစ္စည်းများ အစီအစဉ်တကျ ဖြန့်ဝေနိုင်ရန်နှင့် လူအုပ်အား ထိန်းသိမ်းနိုင်ရန်အတွက် လုံလောက်သော လုံခြုံရေး အစီအမံများ ပြုလုပ်ပေးထားခြင်း
- ပစ္စည်းဖြန့်ဝေသည့်နေရာအား ကြိုးများ၊ ပလတ်စတစ်များနှင့် ထင်ထင်ရှားရှား ပိုင်းခြားထားခြင်း

ဖြန့်ဝေသည့် လုပ်ငန်းစဉ်နှင့် အမည်များ မှန်၊ မမှန် စစ်ဆေးခြင်း

- ရိက္ခာကဒ်ပြားယူဆောင်လာသူသည် ထိုကဒ်ပြားပိုင်ရှင် ဟုတ်၊ မဟုတ်နှင့် ထိုသူသည် အမည်စာရင်းတွင် ပါဝင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း
- ပစ္စည်းဖြန့်ဝေသည့်နေရာသို့ဝင်ရောက်လာချိန် သို့မဟုတ် အစားအစာ၊ လူသုံးပစ္စည်းများ၊ ငွေသား သို့မဟုတ် ကူပွန်လက်မှတ်များ လက်ခံရရှိချိန်တွင် ရိက္ခာကဒ်အား အပေါက်ဖောက်ခြင်း သို့မဟုတ် သိသာသော အမှတ်အသား ပြုလုပ်ခြင်း
- အေဂျင်စီများသည် လိုအပ်ပါက ကွန်ပြူတာဖြင့် ပြုစုထားသော အမည်စာရင်းကို အသုံးပြုစေခြင်း
- အစားအစာဖြန့်ဝေသူအားလုံးသည် အစားအစာနှင့် အခြားပစ္စည်းများကို ကိုင်တွယ်ရာတွင် တစ်ကိုယ်ရေ သန့်ရှင်းမှု စည်းမျဉ်းများကို လိုက်နာကျင့်သုံးစေခြင်း
- အစားအစာဖြန့်ဝေသည့် လုပ်ငန်းစဉ်တစ်ခုလုံးတွင် မိသားစု အရွယ်အစားများအား ပုံသေဖြစ်နေစေပြီး အပြောင်းအလဲ ရှိပါက ဖြန့်ဝေသည့်အေဂျင်စီမှ မှတ်တမ်းတင်ခြင်း
- စခန်းလူထု၏ အမည်များကို ခေါ်ရန်အတွက် အသံချဲ့စက်များကို တစ်ခါတစ်ရံ အသုံးပြုခြင်း

ဖြန့်ဝေမှုများတွင် သာတူညီမျှ ဖြစ်စေခြင်းနှင့် ထိခိုက်လွယ်သော စခန်းလူထု

- အခြားသူများနှင့် ရောနှောတန်းစီနိုင်ရန် မလွယ်သည့် သီးခြားလိုအပ်ချက်ရှိသူများအနေဖြင့် အလွယ်တကူ လက်လှမ်းမီ ရရှိနိုင်ရန်အတွက် ဝန်ထမ်းတစ်ဦးမှ စောင့်ကြည့်ကြီးကြပ်ပေးသည့် သီးခြားတန်းစီနိုင်သည့် နေရာတစ်ခု ထားရှိပေးခြင်း
- ပို၍ ထိခိုက်လွယ်သူများ သို့မဟုတ် အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသူများအနေဖြင့် ဖြန့်ဝေသည့် ပစ္စည်းများကို လက်ခံရရှိနိုင်ရန် ဝန်ထမ်းတစ်ဦးမှ ပါဝင်ကူညီပေးစေခြင်း
- အချို့အုပ်စုများကိုသာ ဦးတည်ကာ ဖြန့်ဝေပေးခြင်းနှင့်ပတ်သက်၍ တိုင်တန်းမှုများ ရရှိပါက ဖြန့်ဝေမည့် အမည်စာရင်းတွင် ပါဝင်သူများ ရောက်ရှိမလာရသည့် အကြောင်းရင်းကို အလျှင်အမြန် စုံစမ်းစစ်ဆေးခြင်း
- လူတိုင်းသည် ရိက္ခာကဒ်ပြားတွင် ပါဝင်သည့်ပစ္စည်းများကို တူညီစွာ လက်ခံရရှိခြင်း ရှိ၊ မရှိ နှင့် ပစ္စည်းအရေအတွက် များကို စောင့်ကြည့်ကြီးကြပ်ခြင်း

ပစ္စည်းဖြန့်ဝေခြင်းဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်း

- စခန်းတွင်းနေထိုင်သူအားလုံးသည် ပစ္စည်းဖြန့်ဝေမည့်ပုံစံနှင့် နေ့ရက်၊ နေရာ နှင့်အချိန်၊ ၄င်းတို့ ရရှိမည့် ပစ္စည်းများ၏ အရေအတွက်စသည့် သတင်းအချက်အလက်များကို ပြည့်စုံစွာ ရရှိစေခြင်း
- အစားအစာဖြန့်ဝေရာတွင် ခပ်ထည့်ပေးသည့် ခွက်တစ်ခွက်တွင် ပါဝင်သည့်ပမာဏအား စခန်းလူထုကို အသိ ပေးထားခြင်းနှင့် ခပ်ထည့်သည့် ခွက်အရွယ်အစားကို မပြောင်းလဲဘဲ တစ်သမတ်တည်း အသုံးပြုခြင်း
- စခန်းလူထုအားလုံးအား ဖြန့်ဝေပေးမည့် အခြေခံစားသောက်ကုန်များ၊ ခွဲတမ်း၊ ငွေသား သို့မဟုတ် ကူပွန် လက်မှတ် လွှဲပြောင်းတန်ဖိုးများ၏ အပြောင်းအလဲများအား ပြည့်စုံစွာ အသိပေးထားခြင်း
- သီးခြားလိုအပ်ချက်ရှိသူများ (အရွယ်မရောက်သေးသူများ၊ နားမကြားသူများ၊ သက်ရွယ်ကြီးသူများ၊ နာမကျန်းသူများ) အတွက် ကွဲပြားသည့် နည်းလမ်းများကို အသုံးပြုကာ သတင်းအချက်အလက်များ အရောက် ပို့ပေးခြင်း
- ကျင့်ဝတ်စည်းမျဉ်းများ အပါအဝင် တာဝန်ခံယူမှု စံနှုန်းများအား ဝန်ဆောင်မှုပေးသူများကို မျှဝေ ပေးထား ခြင်း နှင့် လိုက်နာစေခြင်း

ပစ္စည်းများ ဖြန့်ဝေချိန်

- ဖြန့်ဝေမှုများကို အချိန်မှန် စတင်ခြင်း
- ဝန်ဆောင်မှုပေးသူသည် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် အချိန်မှန်ရောက်ရှိခြင်း
- ပစ္စည်းများကို နေရာချကာ စနစ်တကျနှင့် ဘေးကင်းစွာ ကိုင်တွယ်ခြင်း
- ဖြန့်ဝေနေသည့် လုပ်ငန်းစဉ်တလျောက်လုံးတွင် UNHCR နှင့် WFP ကဲ့သို့ သင့်လျော်သည့် အေဂျင်စီ များမှ ဝန်ထမ်းများနှင့် ဝန်ဆောင်မှုပေးသူများ ရှိနေခြင်း

အစားအစာဖြန့်ဝေသည့်အခါ ခပ်ရန်ခွက်များကို အသုံးပြုပါက

- သင့်တော်ပါက ဒေသတွင် သုံးစွဲသော စံသတ်မှတ်ထားသည့် ခွက်များကို အသုံးပြုခြင်း
- ခွက်အားလုံးသည် တိကျပြီး အရေအတွက်အတိအကျ သိနိုင်စေမည့် အမှတ်အသား ပါရှိခြင်း
- ကွဲပြားသော အစားအစာ အမျိုးအစားများအတွက် တူညီသောခွက်များကိုသာ အသုံးပြုခြင်း
- ဖြန့်ဝေမှု တစ်ခုနှင့်တစ်ခုအတွက် ဖြန့်ဝေသည့် အစားအစာ မပြောင်းလဲဘဲ ခပ်ထည့်ပေးသည့်ခွက် ပြောင်းလဲ မည်ဆိုပါက စခန်းလူထုအား ရှင်းလင်းအောင် ပြောပြပေးခြင်း

အသုံးပြုရန် နည်းလမ်းအထောက်အကူများ

အသုံးပြုရန်နည်းလမ်းအထောက်အကူများနှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၄င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။

- Mariangela Bizzarri, World Food Program (WFP), 2007. Integrating Protection into Food Aid
- Inter Agency Standing Committee (IASC) Gender Handbook, 2006. Gender and Non-food Items in Emergencies
- RedR Australia. Warehouse Manager - Terms of Reference - Specific Example
- United Nations Joint Logistics Centre (UNJLC), Assessment of Warehouse
- United Nations Refugee Agency (UNHCR), 2001. Food Distribution Monitoring Checklist

ရည်ညွှန်းစာအုပ်စာတမ်းများ

- Active Learning Network for Accountability and Performance in Humanitarian Action (ALNAP), 2003. Manual for the Provision of General Food Distributions during Emergency Programmes in Malawi, Joint Emergency Food Aid Programme
- Christopher B. Barrett, FAO, 2006. Food Aid as a Part of a Coherent Strategy to Advance Food Security Objectives
- Emergency Nutrition Network, 2004. Targeting Food Aid in Emergencies
- European Commission, 2013. The Use of Cash and Vouchers in Humanitarian Crises, DG ECHO Funding Guidelines
- Feinstein International Center, 2006. Review of WFP Food Assistance Programming Practices in Southern Sudan
- Food for the Hungry International, 2001. Improving food security programming and resource management
- Fritz Institute, 2005. From Logistics to Supply Chain Management: The Path Foreword in the Humanitarian Sector
- IASC, Emergency Shelter Cluster, 2008. Selecting လူသုံးပစ္စည်း for Shelter
- Susan Jaspars, Oxfam, 2006. From Food Crisis to Fair Trade. Livelihood Analysis, Protection and Support in Emergencies
- Overseas Development Institute, 2005. Cash and Voucher in Emergencies
- Refugee Study Centre, 2003. Delivering the goods: Rethinking Humanitarian Logistics
- Timothy Edward Russell, Massachussetts Institute of Technology, 2005. The Humanitarian Supply Chain: Analysis of the 2004 South East Asia Earthquake and Tsunami
- UNHCR, 2002. Cooking Options in Refugee Situations, A Handbook of Experiences in Energy Conservation and Alternative Fuels
- UNHCR, 2005. An Introduction to Cash-based Interventions in UNHCR Operations
- UNHCR and WFP, 2013. Examining Protection and Gender in Cash and Voucher Transfers
- World Food Programme (WFP), 2002. Emergency Field Operations Pocketbook
- WFP, 2005. Emergency Food Security Assessment Handbook
- WFP, 2009. Cash and Voucher Manual
- WFP, 2012. Handbook on Safe Access to Fire and alternative Energy (SAFE)
- World Health Organization (WHO), WFP, United Nations Children's Fund (UNICEF), UNHCR, 2004. Food and Nutrition Needs in Emergencies